

www.burmeseclassic.com
the Khit Nay
MELODY IN THE HARDDISK
သည်ခေတ်နေ ၏ ဟတ်ဒစ်ထဲကမယ်လိုဒီ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း (ကာလာစုန်ပုံနှိပ်တိုက်)
မျက်နှာဖုံးဒီဇိုင်း - Yèlay @ YèWintKyaw
ပုံနှိပ်ခြင်း - ပထမအကြိမ် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ)
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၂၀၀ ကျပ်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

- ✸ မန္တလေး — သည်ခေတ်နေ
- ✸ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ — သည်ခေတ်နေ
- ✸ မတော်တဆနှုတ်ခမ်းရာ — ညား
- ✸ စိတ်ဆိုးနေတဲ့သင်္ချာ — ညား
- ✸ နှင်းဝတ်ရုံခြုံတဲ့ဆောင်း — မြှားသူ

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit

38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

# [illegible]

# ဟတ်ဒစ်ထဲကမယ်လိုဒီ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# ရင်ဘတ်ထဲက မှတ်ချက်

ဤဇာတ်လမ်းဖြစ်မြောက်ရေးအတွက် စတင် သဲလွန်စပေးခဲ့သော ကျွန်တော့်ဆရာ(ဒါရိုက်တာ ညီမင်းလွင်) ပြီးတော့ အဆိုတော် မိုးမိုး။

လိုအပ်သည့်ဂီတပိုင်းဆိုင်ရာ အချက်အလက် Data များကို ကျွန်တော့်ရဲ့ဦးနှောက် Harddisk ထဲသို့ ပေးပို့လွှဲပြောင်းပေးသော Snare အဖွဲ့မှ အဆိုတော် ဖြိုးလေးနှင့် အိပ်မက်အသစ်စာပေမှ နေရာတကာ (စပ်စပ်)[၂] သိပဲသိနိုင်လွန်းသော ဘော်ဒါကြီး ဝင်းလွင်ဦးတို့အား ကျေးဇူးအထူးအထူးတင်ရှိပါကြောင်း…

(သည်ခေတ်နေ) (Melody in the harddisk)

www.burmeseclassic.com

www.burmeseclassic.com

တစ် - အချစ်မေတ္တာ
နှစ် - အကျင့်သိက္ခာ
သုံး၊ လေး၊ ငါး
စည်းစိမ်၊ ဥစ္စာတွေနဲ့ ရိက္ခာ
ခြောက်
အတတ်ပညာ
ခုနစ် - စိတ်ဓာတ်နဲ့
ဒါတွေအားလုံး ပေါင်းစပ်လိုက်တော့
ပရိသတ်အတွက်...!
(စိုင်းစိုင်းခမ်းလှိုင်၏ သစ္စာတော်သီချင်းမှ)

## ပထမည

'လူတစ်ယောက်နာမည်ကြီးဖို့ဆိုတာ လွယ်သလား?'
'နာမည်ကြီးဖို့က လွယ်ပါတယ်'
'ဒါဆို ဘာကခက်သလဲ?'
'နာမည်ပြန်သေးသွားရင်သာ ခက်မှာ'
'ရှင်က မဆိုးပါဘူး'
'မဆိုးရင် နောက်တစ်ခုထပ်မေး'

. . .

www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယတစ်ည

'ဂီတမှာ အခြေခံအသံ ၇ မျိုးရှိတယ်ဆိုတာ ဟုတ်သလား?'

'မဟုတ်ဘူး၊ ၈ မျိုး'

'ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီဆိုတဲ့ အခြေခံအသံ ၇ မျိုးပဲရှိတာ မဟုတ်ဘူးလား'

'ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ 'တီအပြင် ဂီတမှာ အခြေခံကျတဲ့ နောက်ထပ်အသံတစ်မျိုး ရှိသေးတယ်'

'အဲဒါ ဘာသံလဲ?'

'အဲဒါ ကိုယ်ပိုင်သံပဲပေါ့'

. . .



# တတိယတစ်ည

'ရှင် သီချင်းတွေဆိုတဲ့အခါ ဘယ်သံနဲ့ဆိုတာလား? ညာသံနဲ့ ဆိုသလား?'

'ဟင့်အင်း... ကိုယ် သီချင်းဆိုတဲ့အခါ လေသံနဲ့ ဆိုတာပါ'

'အဲ... အဲလိုမေးတာ ဟုတ်ဘူးလေ'

'မဟုတ်ရင် နောက်တစ်ခုပြောင်းမေး'

'ကောင်းပြီ... ဒါဆို နောက်တစ်ခုပြောင်းမေးမယ်'

. . .

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထတစ်ည

'ရှင်က ကိုယ်ပိုင်သီချင်းတွေ ရေးပြီး ဆိုတဲ့ နိုင်ငံကျော်အဆိုတော်တစ်ယောက်ဆိုတော့ သီချင်းတစ်ပုဒ်ရေးတဲ့အခါ ဒါမှမဟုတ် ရှင့်ရဲ့ အနုပညာတစ်ခု ဖန်တီးတဲ့အခါ အချိန်ဘယ်လောက်လောက် ကြာတတ်သလဲ?'

'အနုပညာလုပ်ပြီဆိုရင် အချိန်ဆိုတာ မရှိတော့ဘူး၊ ဘာမှလည်း မသိတော့ဘူး၊ အဲဒါကြောင့် အနုပညာအလုပ်က လုပ်ရင် လုပ်နေသလောက်ပဲ ကြာပါတယ်'

'ဟင်း… ရှင့်အဖြေကြီးက ဘယ်လိုကြီးမှန်းလဲ မသိဘူး'

'ဒါဆို အခြားတစ်ခုပြောင်းမေး'

'အင်း… နောက်တစ်ခု မေးရမယ်ဆိုရင်တော့…'

. . .



## ပဉ္စမတစ်ည

'အနုပညာရှင်တိုင်း ပြောတဲ့စကား… မုဒ်ထည့်ပါ၊ မုဒ်ရအောင် လုပ်ပါဆိုတော့ သူတို့တွေ အလွယ်တကူ မုဒ်ဝင်အောင် ဘယ်လိုကြိုးစားကြသလဲဟင်?'

'အနုပညာသမားတွေ မုဒ်ဝင်အောင်လုပ်တာ သိပ်မခက်ပါဘူး၊ ကိုယ့်စိတ်ကိုယ် ဘီလီယက်ကျူတံထိပ်ဖျားလေးထိရောက်အောင် တွန်းပို့နိုင်ဖို့ပဲ'

'ဘီလီယက်ကျူတံထိပ်ဖျားလေးထိ ရောက်အောင် စိတ်ကို တွန်းပို့တတ်ရမယ်၊ ဟုတ်လား?'

'အနုပညာအလုပ်မှ မဟုတ်ပါဘူး၊ ကိုယ် ဘာပဲလုပ်လုပ် ကိုယ့်စိတ်ကိုယ် ဘီလီယက် Cube လေးလိုပဲ သေးအောင်ထားနိုင်ရင် အာရုံစူးစိုက်မှုရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မဆိုးပါဘူး၊ ရှင့်လို နိုင်ငံကျော်အဆိုတော်တစ်ယောက်နဲ့ ဖုန်းပြောရတာ ဝဟုသုတတော့ ရသားပဲ၊ နောက်တစ်ခုပြောင်းမေးကြည့်ဦးမယ်နော်'

. . .



## ဆင္မမတစ်ည

'ရှင်က ခုချိန်မှာ အရမ်းအောင်မြင်နေတဲ့ နာမည်ကြီးအဆိုတော်တစ်ယောက်ဆိုတော့ ရှင့်ဆီမှာ အချစ်ရေးဆိုတာဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်သလဲ၊ သိချင်ပါတယ်ရှင်'

'ကိုယ်လည်းလေ လောကီသားပေမို့၊ ကိုယ့်ဆီမှာလည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ အချစ်ရေးဆိုတာတစ်ခန်းတစ်ကဏ္ဍဆီ တည်ရှိနေပါတယ်ခင်ဗျား'

'ဒါဆို ခုတလော ရှင့်ရဲ့အချစ်ရေးက...'

'အခုလက်ရှိ အချစ်ရေးမှာ ကိုယ်က အလယ်တန်းကျောင်းသားလေးအဆင့်ပါပဲဗျာ'

'တော်ပြီ... အဲဒါတွေ မသိချင်တော့ဘူး၊ ရှင့်ကိုနောက်ထပ်မေးခွန်းတစ်ခုပဲ မေးတော့မယ်'

'မေးစေဗျာ'

www.burmeseclassic.com

www.burmeseclassic.com



## သတ္တမတစ်ည

'ရှင့်ရဲ့ မကြာမီထွက်မယ့်စီးရီးက တတိယမြောက် အယ်လ်ဘမ်နော်၊ ဘယ်တော့လောက် ထွက်မှာလဲ? စီးရီး နာမည်က ဘာတဲ့လဲ?'

'အခွေက Mixing လဲပြီးသွားပြီ၊ ဖြန့်ချိရေးကို ပို့ဖို့ ပဲ ကျန်တော့တယ်၊ နောက် နှစ်ပတ်လောက်တော့ ထွက်ဖြစ် မယ်ထင်တယ်၊ အဆိုတော် နေဆေးရဲ့ တတိယမြောက်စီးရီး Title က…

**'ခေတ်ပေါ်မိုင်းရပ်စ်'**



နောက်ထပ်ညများမှာတော့…

အချိန်ရှိတိုင်း ဖုန်းထဲမှာ အားအားယားယား အင်တာ ဗျူးလုပ်တတ်သော ထိုကောင်မလေး၏ ဖုန်းများကို အဆိုတော် နေဆေးက မကိုင်ဖြစ်တော့ဘဲ ဖုန်းချချပစ်လိုက်ပါသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



(Scene: 01)

**20.1.2013**

## The Yangon City

ရန်ကုန်မြို့သည် ရန်ကုန်မြို့ပဲဖြစ်၏။ ရန်ကုန်က အရမ်းကို ယောက်ယက်ခတ်ပါသည်။ ရန်ကုန်တွင် လူပေါင်းစုံ၊ ကားပေါင်းစုံ၊ ကာလာပေါင်းစုံတို့ဖြင့် ပြည့်သိပ်ကျပ်လျက်ရှိသည်။

ရန်ကုန်သည် ကမ္ဘာမှာ ထင်ရှား၏။

ဆန်းပြားလွန်းတဲ့ မာယာတစ်သိန်းမက ရန်ကုန်သည် မာယာတစ်သိန်းနှင့် နောက်ထပ်မာယာတစ်ခု၊ နှစ်ခုတို့အား ထမ်းပိုးထားသည့် မြို့တော်ကြီးလည်း ဖြစ်ပေသည်။



ရန်ကုန်မှာ လူအစုံရှိသည်။

လူအစုံဆီမှာ အထာအစုံရှိသည်။

ပညာအစုံရှိသည်။

Rocker တွေလည်း ရှိသည်။

Rapper တွေလည်း ရှိသည်။

ခေတ်ကိုက ကြော်ငြာခေတ်ဆိုသလို ခေတ်မီကျော်ကြားသော ရန်ကုန်မြို့တော်ကြီးအား လမ်းဆုံလမ်းခွရှိ ကြော်ငြာဆိုင်းဘုတ်များက ဝန်းရံလျက် တန်ဆာဆင်ပေးထားပြန်သည်။

ထိုထဲမှာမှ…

မြေနီကုန်းလမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ ၈ မိုင်လမ်းဆုံနှင့် အခြားလူစည်ကားလှသော နာမည်ကြီးလမ်းဆုံများ၌ နေရာယူထားသော ကြော်ငြာဘုတ်တစ်ခုသည် တစ်ခါမြင်သူတိုင်း နှစ်ခါမက ငေးသွားစေလောက်အောင် ဖမ်းစားညို့ယူထားလေသည်။

ထိုကြော်ငြာက သာမန်ကုန်ပစ္စည်းထုတ်ကုန်တစ်ခုတော့ မဟုတ်။

လူအများဆိုတာထက် တစ်နိုင်ငံလုံးရှိ ပရိသတ်သန်းချီမက ရင်ခုန်မျှော်လင့် စောင့်စားနေတဲ့ အဆိုတော်

www.burmeseclassic.com

www.burmeseclassic.com



'နေဆေး'၏ တတိယမြောက် Solo Album ကြော်ငြာ။

ကြော်ငြာဆိုင်းဘုတ်ပေါ်ရှိ ဒီဇိုင်းကောက်ကြောင်းများက ခေတ်နဲ့အညီ ထိထိမိမိ ပိပိရိရိနိုင်လွန်းသည်။

ထိုလို ဖမ်းစားထားသော ဆိုင်းဘုတ်ပေါ်က လက်ရာကို မြင်ရုံနှင့် အတပ်ပြောနိုင်သည်။

ဒါကိုက ဒီလိုနာမည်ကြီးတစ်ယောက်၏ ကိုယ်ပိုင်အိုင်ဒီယာပဲ ဖြစ်ပေလိမ့်မည်။

ဘာကြောင့်ဆို သူသည် တကယ့်ကို အနုပညာရည်နှင့်ပြည့်ဝသော အနုပညာသမားတစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

အနုပညာကောင်းသမားတစ်ယောက်ဆိုတာထက် ပရိသတ်တော်တော်များများ လက်ခံထားတဲ့သူက ခေတ်တစ်ခေတ်ကို သိုင်းဖက်ထားသော ခေတ်လူငယ်အနုပညာသူရဲကောင်းတစ်ယောက်ဆိုရင် ပိုမှန်ပါလိမ့်မည်။

ဒီထက်မက သူသည် ယနေ့ခေတ်ကာလ နှုတ်ခမ်းနီမလေးများ၏ အသည်းကျော်ဆိုလည်း မမှားနိုင်ပါ။

ထိုမျှတင် မကသေး။

ခေတ်ကာလ, ကာလသားများ၏ ရင်ခွင်များထဲကိုပါ သူက ထွင်းဖောက်နေရာယူထားသည့် လူငယ်အဆိုတော်တစ်ယောက်။



တကယ့်အနုပညာသမားတစ်ယောက်ဆိုသည်မှာ အမှန်တော့ မိန်းကလေးပရိသတ်တင်မက ယောကျ်ားလေးပရိသတ်များကိုပါ ဖမ်းစားနိုင်စွမ်းရှိသူ ဖြစ်ရပါမည်။

ထိုကဲ့သို့-သူ့လိုအောင်မြင်ကျော်ကြား လူကြိုက်များလှသော နိုင်ငံကျော်အဆိုတော် 'နေဆေး'၏ တတိယမြောက် စီးရီးကြော်ငြာဆိုင်းဘုတ်ကို အားလုံးမြင်သာအောင် ပုံဖော်တင်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'× × × ♪ × × ×'

လေထုထဲမှာ အရာရာက မျောလွင့်ပြီးရင်း လွင့်နေသလို။

သီချင်း၏ Bass ထုသံက ကားတစ်စီးလုံး သိမ့်သိမ့် တုန်နေ၏။

မီးပွိုင့်တွင် မီးနီမိလို့ စနစ်တကျပိတ်ဆို့နေသည့် ကားကြီးကားငယ်များ၏ နောက်တစ်နေရာ၌ ကားတစ်စီး အရှိန်ပြင်းပြင်းထိုးရပ်လာ၏။

'ကျွိ'

ထိုကားပေါ်တွင် လူငယ်ချာတိတ်နှစ်ဦး စီးနင်းလိုက်ပါလာသည်။

ကားမောင်းသူ ဆူးခါးနေ၏ ဘေးတွင် တစ်လျှောက်လုံး ခေါင်းတွေညိတ်ရင်း လိုက်ပါလာသူ ဖက်တီးက…

'အင်္ဂလိပ်သီချင်းတွေချည်းပဲ နားထောင်လာရတာ ပျင်းလာပြီကွာ၊ City FM ပြောင်းပြီး နားသောတဆင်ကြည့်ရအောင်၊ ဘာတွေသတင်းထူးလဲလို့'

www.burmeseclassic.com

www.burmeseclassic.com



'မင်းသဘောပဲ'

ရပ်တန့်ထားသော ကား ပြန်လည်ရွေ့လျားသွားစေရန်အတွက် မီးအစိမ်း၌ ကားလီဗာကို ခပ်ပါးပါးပြန်ပုတ်လိုက်ရင်း ဆူးခါးနေက ပြန်ပြောလိုက်သည်။

ထိုအခါ ကားဒက်ရှ်ဘုတ်ဘေးရှိ CD စက်ခလုတ်ပေါ်သို့ လက်တစ်ဖက်ကျရောက်လာသည်။

ဖွင့်လက်စ CD Track ကို ထုတ်ကာ 89.0 MHz ဖြင့် လေလှိုင်းထဲမှ ထုတ်လွှင့်လျက်ရှိသော City FM Channel သို့ ပြောင်းလဲဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

FM လှိုင်းပွင့်ပွင့်ချင်း သူတို့နားထဲသို့ တိုးဝင်လာသည့်အသံက သူတို့နှင့် အလွန့်အလွန် ရင်းနှီးပြီးသား။ အဆိုတော်နေဆေးနှင့် City FM တို့၏ အင်တာဗျူးအခန်းကဏ္ဍပင်ဖြစ်သည်။

သူတို့နားနှင့် ဆတ်ဆတ်ကြား၊နေရသောအသံများက...

'ကိုနေဆေး အခုထွက်မယ့် တတိယစီးရီးအတွက် အချိန်ဘယ်လောက်ယူခဲ့ရပါသလဲရှင်?'

'ဒုတိယခွေနဲ့ နှစ်နှစ်လောက်တော့ ခြားသွားပါတယ်'

'ဟုတ်ကဲ့ရှင့်... အဲလို နှစ်နှစ်တာအချိန်အတော



အတွင်း ခြားနားသွားမယ့် အစ်ကိုရဲ့ ဒီတစ်ခါ Music ပုံစံတွေက ဘယ်လိုပြောင်းလဲသွားနိုင်ပါသလဲ?'

'သိပ်အထွေအထူးတော့ မရှိနိုင်ပါဘူး၊ ပြောင်းလဲသွားတယ်ဆိုရင်တောင်မှ အခုခေတ်နဲ့အညီ တိုက်စားနေတဲ့ ခေတ်ပေါ်မိုင်းရပ်စ်တစ်မျိုးပဲ ဖြစ်မှာပါ'

'ခွေထွက်မယ့်ရက်မှာ ထူးထူးခြားခြား လုပ်မယ့် အစီအစဉ်တွေကို ပရိသတ်သိအောင် ပြောပြပါလားရှင်'

'ထူးထူးခြားခြားအနေနဲ့ကတော့ ခွေထွက်မယ့်ရက်က ကျွန်တော့်မွေးနေ့ပဲလေ၊ အခွေကို နေ့ဘက်မှာ ပရိသတ်လက်ထဲမပို့ဘဲ အဲဒီမွေးနေ့ရှိုးညကျမှ ပရိသတ်လက်ထဲ အရောက်ပို့မှာ၊ ပို့ပေးမယ့်လူတွေက တခြားမဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင် မွေးနေ့ရှိုးအတွက် ဆက်တင်ဖန်တီးထားတဲ့ ကြိုဟ်သားတွေက တစ်ဆင့် ကျွန်တော့်ခွေကို လူတွေကြားထဲ သယ်ဆောင်လာလိမ့်မယ်ထင်တယ်ဗျ'

'ဘယ်လိုရှင့်? ကြိုဟ်သားတွေက သယ်ဆောင်လာမှာဆိုတော့...'

'ဟုတ်ကဲ့... ဒီတစ်ခါ ကျွန်တော်ဖန်တီးထားတဲ့ မွေးနေ့ရှိုးဆက်တင်ကို ပရိသတ်သိအောင် ကြိုတင်သဲလွန်စ ပေးလိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ထောက်'

Radio စက်ခလုတ်ပိတ်လိုက်သောကြောင့် လေထုထဲမှတစ်ဆင့် ကြားနေရသော ကားထဲက အသံများသည် ငြိမ်ကျသွားလေ၏။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်မှုကို အသက်ဝင်အောင် ပြန်လုပ်လိုက်သူကလည်း ဖက်တီးပဲဖြစ်လေသည်။

'ကဲ… ဘယ်လိုလဲ ဆူးခါး၊ ကြားတဲ့အတိုင်းပဲ၊ မင်း Fatherကြီးကတော့ နေဆေးဖြစ်ချင်တာတွေအားလုံးကို အစွမ်းကုန်ပံ့ပိုးပေးပြန်ပြီ'

'ဒါက နေဆေးဆန္ဒအတိုင်း လုပ်ပေးနေကျပဲလေကွာ'

ကားမောင်းနေရင်း ရှေ့ကိုသာ တည့်တည့်ကြည့်ပြီး ဆူးခါးနေက ပြောလိုက်ခြင်းဖြစ်သည်။

ဒါကို ထပ်ကွန့်လာသူက ဖက်တီး။

'ဒါဆို မင်းအခွေအတွက်ရော 'မင်း Father က ဘာတွေလုပ်ပေးမှာလဲ? ဘယ်လိုထောက်ပံ့မှုတွေနဲ့ ဘယ်တော့လုပ်ပေးမှာလဲ?'

ဆူးခါးနေ၏ နှုတ်ခမ်းထောင့်သည် လေးကိုင်းသဖွယ် ခပ်ညွှန့်ညွှန့်လေး ကွေးလိုက်ရင်းက…

'လာမှာပေါ့ကွ၊ အေးဆေးပေါ့၊ တို့နှစ်ယောက်ရဲ့



အခွေကို တစ်ပြိုက်တည်း ငါ့ Fatherကြီးက ထုတ်ပေးလိုက်ရင် အချင်းချင်းတည်တိုက်ဖို့ ကွင်းတစ်ခုဖန်တီးပေးသလိုဖြစ်သွားမှာပေါ့'

ထိုစကား အသွားအလာ၏ နောက်မှာ ကပ်ပါလာသူ ဖက်တီးက ထပ်မံသုံးသပ်ပြန်သည်။

'အေးကွာ… ဒီအချိန်ထိ နေဆေးရဲ့ အောင်မြင်မှုက မင်းထက်ပိုနေတယ်ဆိုပေမယ့် ငါ့သော်ဒါ မင်းကို ငါ အရှုံးဖြစ်စေချင်နေပြီကွာ'

ဖက်တီးဘက်ကို စောင်းငဲ့လှည့်ကြည့်လိုက်ရင်း ဆူးခါးနေက…

'ဟောဒီလောကကြီးမှာ ငါ့ပြိုင်ဘက်က ငါပဲ၊ သူ့ပြိုင်ဘက်ကလည်း သူပဲ၊ သေချာတာတစ်ခုက ငါတို့နှစ်ယောက်စလုံး ပြိုင်ပွဲတွေကို ရေရေလည်လည်ရှုးသွပ်တယ်ဆိုတာပဲ'

ဒီအချိန်ထိတော့…

ရန်ကုန်မြို့ထဲက လမ်းမကြီးတစ်ခုပေါ်မှာ ကားငယ်တစ်စီးသည် အရှိန်အဟုန်ပြင်းစွာ လူးလွန့်ပြေးလွှား မောင်းနှင်နေဆဲဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

BAT MAN ရဲ့ အဓိကရန်သူဟာ ဂျိုကာတစ်ကောင် ဖြစ်နေသလိုပေါ့။

ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသော လူ့ဘဝကြီး၏ အဆင့်မြင့်ပြိုင်ပွဲများတွင်…

ဓာတ်လိုက်ရော…

ရန်သူရော…

လက်ရည်ချင်းတူမှ

ပြိုင်ပွဲများက ပိုမိုသက်ဝင်လှုပ်ရှားပြီး ကြည့်ကောင်းမည်မှာ အမှန်အကန်ဖြစ်သည်။

*

(Scene: 02)

သူ၏အသက်။

သူ၏ကိုယ်ပိုင် data (အရေးကြီးအချက်အလက်များ) ကို သိုလှောင်သိမ်းဆည်းထားသော External harddisk တစ်လုံးကို ကွန်ပျူတာနှင့် ချိတ်ဆက်ကာ…

အိမ်မှာနေရင်း 'နေဆေး'တစ်ယောက် Computer ရှေ့ထိုင်ပြီး Fluidy Loops Software ထဲတွင် Beating တစ်ခု တည်ဆောက်ဖန်တီးကြည့်နေသည်။

သူ့ပါးစပ်မှ မကြာခင်ထွက်ရှိမယ့် သူ့အခွေထဲက သီချင်းတစ်ပုဒ်၏ Rap စာသားတစ်ပိုဒ်ကိုလည်း ဗရွတ်ဗရွတ်နှင့် ဆက်မပြတ်ရွတ်ဆိုကြည့်နေ၏။

ထိုစာသားပိုဒ်၏ နောက်တွင် တီးခတ်ပံ့ပိုးပေးထား

www.burmeseclassic.com

www.burmeseclassic.com



သော something (music) တစ်ခုကို သူ ပြန်ပြန်နားထောင်ရင်းက အားမရလာသလိုလို။

သိပ်မကြိုက်တော့သလိုလို။

တစ်ခုခုလိုနေသလိုလို။

သူ့ဘာသာသူ အားမလိုအားမရခံစားမိလာ၏။

အနုပညာသမားတစ်ယောက် အနုပညာအလုပ်တစ်ခုခုလုပ်ရတယ်ဆိုတာကလည်း ခက်သားလား။

နောက်ဆုံးဖန်တီးမှု၊ နောက်ဆုံးတီထွင်ခြင်းထိ ဖန်တီးရှင်ခမျာ ပြီးပြည့်စုံခြင်းသိပ်မရှိလှဟု ခံစားရခြင်းမှာ အနုပညာ၏ နက်ရှိုင်းတဲ့သဘာဝ။

အနုပညာသမား၏ အဆုံးမဲ့အတွေး။

ဒါကို ကိုယ်တိုင်ဖန်တီးတဲ့ အနုပညာသမားတိုင်း ခံစားရမည်။ ကြုံတွေ့နေကျဖြစ်မည်ဟု နားလည်ပါသည်။

ဘာပဲပြောပြော။

ယခုလို သူ့အခွေထွက်ရှိဖို့ ၂ ပတ်အလို၌…

CD ချပ်များခုတ်ကူးနိုင်ရန်၊ အခွေကာဗာ Making များပြုလုပ်နိုင်ရန်အတွက် harddisk ထဲရှိ data များအား ဖြန့်ချိရေးသို့ ဒီနေ့အရောက်ပို့ပေး ရမည်ဆိုကာမှ သူခေါင်းကြီးသွားရသည်။



ဘယ်လိုလုပ်ရပါ့မလဲ?

တစ်ခုခုဆုံးဖြတ်ပြီး သူကိုယ်တိုင် အမြန်ဆုံးအကောင်အထည်ဖော်နိုင်မှ အဆင်ပြေမည်ဖြစ်သည်။

သူကိုယ်တိုင် သဘောမတွေ့လှသော အနုပညာလက်ရာတစ်ခုကိုတော့ ဒီအတိုင်း လက်အလွှတ်မခံနိုင်ပါ။ သူမကြိုက်သောအရာက ကြီးကြီးကျယ်ကျယ်ကြီးတော့မဟုတ်။ သိပ်မပြောပလောက်ဆိုပေမယ့် မရိုးမသားအခြေအနေနှင့် ပရိသတ်လက်ထဲရောက်သွားတာထက်စာရင် လိပ်ပြာသန့်သော အနုပညာကိုသာ ပရိသတ်ကို ချပြချင်သည့် စိတ်က သူ့အား လွှမ်းမိုးထားပါသည်။

ထို့ကြောင့်…

Computer ဘေးတွင် တင်ထားသော သူ၏ "i Phone 5" အား ကောက်ယူလိုက်ကာ နံပါတ်စဉ်တစ်ခုချင်းစီအား လက်က ရွေ့သွားရင်း…

"Producer U Bo Man" ဟု မှတ်သားထားသည့် အမည်အမှတ်စဉ်ကိုအရောက် Call ခလုတ်ကို Touch လုပ်လိုက်ကာ…

'ဟယ်လို… အန်ကယ်ရေ၊ ကျွန်တော်ပါ၊ အန်ကယ့်ကို request တစ်ခုလုပ်စရာရှိလို့'

www.burmeseclassic.com

www.burmeseclassic.com



'အေး... နေဆေး၊ သား မင်း ငါ့ဆီကိုလာရင် Mixing ဆွဲပြီးသား၊ မင်းသီချင်း data တွေပါတဲ့ Hard disk ကို မမေ့စေနဲ့နော်၊ ဖြန့်ချိရေးကို မင်းနဲ့ ငါ ဒီနေ့အရောက်ပို့ပေးမယ်လို့ ပြောထားပြီးသားဖြစ်နေပြီ'

ဖုန်းထဲကနေ တစ်ဖက်စကားသံများကို ခေါင်းတညိတ်ညိတ်နားထောင်နေရင်း နေဆေးက...

'အဲဒါပြောမလို့ပဲ အန်ကယ်ရေ၊ သီချင်း data တွေ ကျွန်တော်တို့ ညနေမှ အမီပို့ပေးလို့ဖြစ်မလား?'

'ဘာဖြစ်လို့လဲ၊ မင်းပဲ အန်ကယ့်အိမ်ကို မနက် ၁၀ နာရီအရောက်လာပို့မယ်ဆို'

'အရေးတကြီးအပ္ပိုင့်မန့်လေးတစ်ခုပေါ်လာလို့ အခု သွားမှ ရမှာ၊ ညနေ သုံး၊ လေးနာရီလောက်တော့ Hard disk ယူပြီး အန်ကယ့်ဆီ အရောက်လာခဲ့မယ်လေ'

'ဒါဆိုလည်း ညနေလေးနာရီထက်တော့ နောက်မကျစေနဲ့ကွာ၊ ဖြန့်ချိရေးကို အချိန်ပြောင်းပြီး ညနေရုံးမပိတ်ခင် လာခဲ့မယ်လို့ ငါဖုန်းဆက်လိုက်မယ်'

'Thank you အန်ကယ်ရေ၊ Thank you ကျွန်တော် ညနေလေးနာရီထက် နောက်မကျစေရဘူး၊ စိတ်ချ'

နှစ်ဖက်စလုံး သဘောတူညီချက်ကိုယ်စီဖြင့် ဖုန်းချလိုက်ကြပါသည်။



ပြီးနောက်...

ရေချိုး အဝတ်အစားလဲရန်အတွက် နေဆေးတစ်ယောက် ရေချိုးခန်းထဲသို့ ပြေးဝင်လိုက်၏။

သူ့အခန်းထဲမဝင်မီ ကွန်ပျူတာစပီကာကနေ အသံကုန်ဖွင့်လှစ်လိုက်တဲ့ သီချင်းသံက သူ့အခန်းထဲမှာ...

ထင်တိုင်း

ဝုန်းဒိုင်းကြဲလျက်။

*

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 03)**

'ဒေါက်… ဒေါက်'

အခန်းထဲမှ တုံ့ပြန်သံမကြားရ။

'ဒေါက်… ဒေါက်'

ဘာဆိုဘာမျှ မထူးခြားသေး။

'ဒေါက်… ဒေါက်'

'ဘယ်သူလဲ?'

အခန်းထဲက ထူးခြားစပြုလာပါပြီ။

'ဟော့ကောင်… ငါပါဟ၊ ငါ့သီချင်းအတွက် ပြင်စရာလေးရှိလို့ စောစောစီးစီး မင်းကိုလာနှောင့်ယှက်တာ'

'ဟာကွာ… လာမစားနဲ့၊ မင်းသီချင်းအားလုံးကို



မနေ့ကတင် တစ်လလုံး အပြီးသတ် မင်းစိတ်ကြိုက် Mix Down ဆွဲပေးပြီးသား။ ဒီမှာ ငါနှပ်နေတုန်း။ လာမနှောင့်ယှက်နဲ့'

အခန်းတွင်းမှ Musician (သို့) Music Director နာမည်ခံယူထားသော သူငယ်ချင်းအရင်းကြီးဖြစ်သူ မိုးမြေနှင့် အခန်းပြင်မှ နေဆေးတို့ အပြန်အလှန်ပြောနေကြခြင်းဖြစ်သည်။

ထိုသို့…

ပြောလို့မှမရတော့တဲ့အဆုံး အခန်းတံခါးကို အပြင်ကနေ သူ ဆောင့်ဖွင့်ပစ်လိုက်သည်။

အထဲရောက်တော့ မောင်မင်းကြီးသား မိုးမြေက ခေါင်းအုံးဖက်၍ ခုတင်ပေါ်မှာ ပိုးလိုးပက်လက် ဖက်လက်ပြလို့ကောင်းတုန်း။

သူ မိုးမြေခြေထောက်ကြားက ခေါင်းအုံးကို ဆွဲယူလိုက်ရင်း…

'ဟော့ကောင်… သယ်ချင်း၊ ငါ့သီချင်းတစ်ပုဒ်ရဲ့ Backing Music လေးတစ်ခုကို ညက ပြန်နားထောင်ပြီး ငါ သိပ်မကြိုက်တော့လို့ ပြောင်းတီးပေးစမ်းပါကွာ'

'အမ်… အဲဒီသီချင်းအားလုံး မင်းစိတ်ကြိုက် မင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တဲ့အတိုင်း ငါဖန်တီးပေးထားတာပဲလေ၊ လာမရှုပ်ပါနဲ့တော့၊ ဝေးဝေးနေစမ်းပါကွာ'

အိပ်စက်နေရာက မျက်လုံးကို လုံးဝမဖွင့်ဘဲ ပါးစပ်ဖွင့်ရုံဖြင့် မိုးမြေက တရစပ်ပြန်ပြောနေသည်။

နေဆေးကလည်း အတင်းကြီး မိုးမြေကို လုပ်နှိုးကာ အူယားဖားယား တောင်းဆိုပြန်သည်။

'ပြန်တီးပေးစမ်းပါ သယ်ချင်းရာ၊ နောက်ထပ် something လေးတစ်ခု၊ နှစ်ခုလောက်ပါပဲ။ မင်းအတွက် သိပ်အပန်းမကြီးပါဘူး၊ ပြီးရင် ငါ့ကို တစ်ခါတည်းအချောသတ် Mixing လေးပါ ပြန်ဆွဲပေးလိုက်၊ ငါစောင့်ပြီး ယူသွားမယ်'

'ငါ့အတွက် အပန်းမကြီးတာမှန်ပေမယ့် မင်းက သိပ်ကျီးများပြီး သောက်လုပ်တော်တော်ရှုပ်တဲ့ကောင်ပဲ'

မိုးမြေတစ်ယောက် အိပ်နေရာက ကောက်ထိုင်ပြီး ညည်းညူရသည်။ သူ့ရင်ခွင်ကြားမှာကား ခေါင်းအုံးတစ်လုံးကို ဖက်လျက်။

သူ့ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သလို ဗျစ်တောက်ဗျစ်တောက်ဖြင့် ခုတင်ထက်ကနေ သူ့အခန်းထဲက ကွန်ပျူတာထားရာ စားပွဲသို့ အီလေးဆွဲပြီး ထသွားလေ၏။

ထိုအခါမှ သက်ပြင်းချနိုင်သော နေဆေးက…



'ဟော့ကောင်… မင်းမျက်နှာလေး ဘာလေးတော့ သစ်ဦးလေကွာ'

'မင်းကိစ္စက ပိုအရေးကြီးတယ်မို့လား၊ ငါ့မျက်နှာက မနေ့ကလည်း သစ်ပြီးသား'

မိုးမြေ တမင်ရွဲ့ပြောပစ်လိုက်သည်။

ဘယ်လိုပဲဆိုဆို။

သူ့စိတ်ထဲက ကျိတ်ပျော်သွားရင်း မိုးမြေဘေးနားဝင်ထိုင်ကာ သူ့လက်ထဲတွင် အသင့်ယူဆောင်လာသော External Harddisk ကို မိုးမြေ၏ မျက်စိရှေ့သို့ အလိုက်သင့်ချပေးလိုက်သည်။

ပြီးနောက်…

Musician ကြီး မိုးမြေအဆင်သင့်ဖန်တီးစေနိုင်ရန်အတွက် ပီယာနိုကိုလည်းကောင်း၊ အနီးအနားရှိ ဂစ်တာများကိုလည်းကောင်း ကွန်ပျူတာနှင့် ဂျက်ပင်များကို အလိုက်တသိ သွယ်တန်းပေးလိုက်၏။

ထိုကဲ့သို့…

သူ့ပုံစံ သူ့အရိပ်အခြေအနေကို မျက်စောင်းထိုးကြည့်ရင်း မိုးမြေက…

'လာမဖားနဲ့၊ မင်း Music ကို ငါအခေါက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ ပြင်လိုက်ဖျက်လိုက်နဲ့တင် လူကို ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေပြီ'

'ကြိုးစားပေးစမ်းပါ သယ်ချင်းရာ၊ ဒီတစ်ခေါက် စိတ်ကြိုက်ဖြစ်တာနဲ့ ဒီနေ့ နေ့လယ်စာ မင်းကို ငါ ကြေးအိုး လိုက်တိုက်မယ်၊ OK'

သူ့အကြိုက်အစားအစာနှင့် မြူဆွယ်လိုက်သောအခါ မိုးမြေ၏မျက်လုံးသည် အရောင်းသားဖြစ်သွားရသည်။

ထို့နောက်…

အချိန်နှင့်တစ်ပြေးညီ သူ၏အချစ်ဆုံးသူငယ်ချင်း နိုင်ငံကျော်အဆိုတော်ကြီး၏ စိတ်ကြိုက် Music တစ်ခုကို ထပ်မံပြင်ဆင်ဖန်တီးပေးလိုက်ပါသည်။

အစစအရာရာ အသေးစိတ်ဖန်တီးမှုအပြီး နေဆေး၏ စိတ်ကြိုက် Music ကို ရရှိသွားသောအခါ ထိုသီချင်း၏ အချောသတ် Mixdown ပိုင်းကိုပါ သူက စိတ်ရှည်လက်ရှည် ဖြင့် ပြန်ညှိပေးလိုက်ပါသည်။

နေဆေးရော မိုးမြေပါ အခန်းအတွင်း၌ ကွန်ပျူတာ တစ်လုံးနှင့် instrument ပေါင်း များစွာသုံးကာ အလုပ်ရှုပ် သွားရလေ၏။

ထိုသို့ဖြင့်…



မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီကျော်ခန့်၌ နေဆေးအတွက် ကိုယ်ပိုင်သီချင်းများအားလုံးသည် နောက်ဆုံး စိတ်ကြိုက် Final အဆင့်သို့ ရောက်ရှိသွားပါလေတော့သည်။

'ကဲ… ဒီမှာ ကာရာအိုကေဗားရှင်း Mixing ရော Audio CD Version Mixing ရော မင်းစိတ်ကြိုက် ဖိုင်နှစ်ဖိုင် စလုံးကို မင်းရဲ့ Harddisk ထဲ အပြီးထည့်ပေးလိုက်ပြီ။ မင်းက မင်းသီချင်းတွေအပေါ် အရမ်း Serious ဖြစ်တတ်တဲ့ ကောင်ဆိုတော့ ငါ့ကွန်ပျူတာထဲက မင်းရဲ့ Data အားလုံး Delete လုပ်လိုက်ပြီ'

ပြောရင်းသား မိုးမြေကပဲ လက်ဖျစ်တစ်ချက်တီး လိုက်ကာ ဆက်ပြီး…

'ကဲ… ကိုယ်တော့်အတွက် အားလုံး OK သွားပြီဆို ရင် ကတိအတိုင်း ကြေးအိုးတစ်ဝိုင်းစာတော့ လာထား'

လိုချင်တာရ၍ ဖြီးနေသည့် မျက်နှာပေးဖြင့် သူ့ ကိုယ်ပိုင် Harddisk ကို မိုးမြေ၏ ကွန်ပျူတာမှ ပြန်လည် ဖြုတ်သိမ်းရင်း နေဆေးက…

"Let's go to YKKO!"

ထိုအခါ မိုးမြေက မျက်နှာသစ်ရန် ဘေစင်ဘက် ပြေးသွားရင်းက…

www.burmeseclassic.com

www.burmeseclassic.com



'Please wait! အိုင် မျက်နှာသစ်လိုက်ဦးမယ်'

'မင်းရဲ့ မျက်နှာက မနေ့ကလည်း သစ်ပြီးသားဆို'

'ဟုတ်တယ်၊ အခုမျက်နှာသစ်မှာက နောက်နေ့မနက်အတွက် ကြိုသစ်ထားတာဟေ့၊ မင်းလို အလိုက်ကမ်းဆိုးမသိတဲ့ကောင်မျိုး နောက်နေ့မနက်အစောကြီး ထပ်ရောက်လာမှာစိုးလို့၊ ရှင်းပြီလား'

မိုးမြေ၏ ပြန်လည်ခံပက်ပုံကို ကြားပြီး သူ ရယ်ချင်ချင်ဖြစ်သွားရသည်။

ထို့နောက်…

သူ၏ တတိယမြောက် 'ခေတ်ပေါ်မိုင်းရပ်စ်' ဆိုတဲ့ စီးရီးတစ်ခွေလုံးစာ နောက်ဆုံးအချောသတ်ဒေတာများပါသည့် ကိုယ်ပိုင် Harddisk ကို သူ၏နှုတ်ခမ်းလေးဖြင့် လှမြင်အောင် မထိတထိခိုးနမ်းလိုက်ပါ၏။

*

နတ်ပြည် ၆ ထပ်နဲ့

ငရဲကြီး ၈ ထပ်တဲ့။

မဟုတ်ဘူး။

တကယ်တော့

လူငယ်တွေရဲ့ လက်ထဲမှာ…

ငရဲကြီး ၉ ထပ်နဲ့

နတ်ပြည်ရဲ့ နောက်တစ်ထပ်ပါ

ရှိနေသေးတယ်

ယုံလိုက်…!

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 04)**

လမ်းခုလတ်တွင် မိန်းမပျို့နှစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြသည်။ (အူကြောင်ကျားဖြစ်နေခြင်းကို ဆိုလိုပါသည်။)

အကြောင်းမှာ…

သူမတို့ကိုယ်တိုင်မောင်းနှင်လာသည့် ကိုယ်ပိုင်ကားငယ်လေးသည် ရုတ်တရက်စက်ချို့ယွင်းပြီး လမ်းဘေးထိုးရပ်သွားခြင်းကြောင့် ဖြစ်၏။

အမှန်အတိုင်းဝေဖန်ရမည်ဆိုလျှင်…

ဒီဘက်ခေတ်ကောင်မလေးများသည် နေရာတကာလန်း လန်းလန်းဖြင့် ကားတစ်စီးလောက်တော့ အလွယ်တကူ အသာလေးမောင်းနှင်နိုင်ပြီး ဟိုသွားဒီသွားလျှောက်လန်းနိုင်ပေသည်။



သို့သော်…

ယခုကဲ့သို့ အမှတ်မဲ့ ကားစက်ချို့ယွင်းသောကိစ္စမျိုးနှင့် သူတို့သည် ကိုယ့်ရှုးကိုယ်ပတ်ခံရသလိုမျိုး။ ဘာဆိုဘာမှ မလုပ်တတ်မကိုင်တတ်။

ဒုက္ခနှင့် လှလှကြီးကို တိုးပါလေရောဟုသာ ဆိုရပါလေမည်။

ယခု ဘာဆက်လုပ်ရပါ့မလဲ?

အနီးဆုံးဝပ်ရှော့ခ်တစ်ခုခုကိုပဲ ဖုန်းလှမ်းဆက်၍ အကူအညီတောင်းရင် ကောင်းမလား?

ဒါမှမဟုတ်…

ဖြတ်သွားဖြတ်လာ နီးစပ်ရာ ကားပြင်တတ်သည့် လူတစ်ဦးဦးကိုပဲ အကူအညီတောင်းခံကာ ကားစစ်ခိုင်းရင် ကောင်းမလား?

ကားအပြင်ဘက် လမ်းမပေါ်မှာ ထွက်ရပ်ရင်း မျက်လုံးလေးများ ကလယ်ကလယ်ဖြင့် 'ပန်းပန်'ရော 'နှင်းလွှာ'ပါ အကျပ်ရိုက်နေကြသည်။

ထိုအခိုက်…

'ရှူး…'

သူတို့ကို အနည်းငယ်ဖြတ်ကျော်ကာ မော်ဒယ်မြင့် ကားတစ်စီး တုံ့ဆိုင်းစွာဖြင့် ထိုးရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်ရပ်ဆိုင်းသွားအောင် ကားမောင်းနေတဲ့ နေဆေးအား မိုးမြေက လှုံ့ဆော်သမှုပြုလိုက်ခြင်းဖြစ်သည်။

နေဆေးကလည်း ဒီတစ်ခါ မိုးမြေအကြိုက် အလှည့်ပေးလိုက်ပါသည်။ မိုးမြေ ဘာကြိုက်တတ်မှန်း နေဆေးသိသည်။

'သယ်ချင်း… ကားပေါ်မှာ ၃ မိနစ်ပဲ စောင့်၊ ဟိုမှာ ဆင်းပေါ်လေးတွေ ဒုက္ခရောက်နေတာ မကြည့်ရက်လို့ သွားကူညီလိုက်ဦးမယ်'

ဆင်းပေါ်ဆိုသည်မှာ ဂီတသမားများ အများဆုံးသုံးစွဲတတ်သော 'ပင်း'ကပ်ထားသည့် ဘမ်းစကားအရ ဆော်လေးတွေဟု ခေါ်ဆိုလိုက်ခြင်းဖြစ်သည်။

'မင်းအကြောင်း ငါနောကျေပြီးသားပါ မိုးမြေရာ၊ သိပ်တော့မကြာစေနဲ့'

ခပ်လန်းလန်း ပို့စ်လေးများနှင့်တွေ့လျှင် မျောတတ်သော မိုးမြေအကြောင်း သိနေ၍ နေဆေးက ကြိုတင်သတိပေးလိုက်ခြင်းဖြစ်သည်။

ထို့နောက် မိုးမြေသည် ကားပေါ်ကနေ ဆင်းသွားပြီး ကောင်မလေးနှစ်ယောက်ရှိရာ ကားနားသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းသွားလေသည်။



ကားပေါ်တွင် ကျန်ခဲ့သော နေဆေးက ကား CD စက်မှ သီချင်းကို ဖွင့်နားမထောင်ခင် ကားဒက်ရှ်ဘုတ်အံတံခါးကို အသာလေးဖွင့်လှစ်စစ်ဆေးလိုက်သည်။

ဒက်ရှ်ဘုတ်အတွင်း သူကိုယ်ပိုင် Harddisk အား မိုးမြေ၏ Home Studio ကနေ ထွက်လာကတည်းက သူထားထားတဲ့အတိုင်း တွေ့ရပါသည်။

ပြီးနောက် ကားဒက်ရှ်ဘုတ်အံတံခါးကို သူ သေချာပြန်ပိတ်လိုက်ပါသည်။

Hip hop song track တစ်ပုဒ်ကို ဖွင့်နားထောင်ရင်းက သူသည် မိုးမြေပြန်အလာကို ကားပေါ်တွင် ငြိမ့်ငြိမ့်ညောင်းညောင်းထိုင်စောင့်နေလိုက်ပါသည်။

သီချင်းတစ်ပုဒ်ပြီးလို့ နောက်တစ်ပုဒ်တောင် ပြီးလုပြီ။

မိုးမြေက ပြန်ပေါ်မလာသေး။

သူ ကားနောက်ကြည့်မှန်မှတစ်ဆင့် မိုးမြေရှိရာသို့ ကဲ့ကြည့်လိုက်မိ၏။

သကောင့်သား မိုးမြေက ခုထိ ကောင်မလေးနှစ်ယောက်နှင့် ကားနားမှာ ဘာတွေပြောလို့ ပြောနေမှန်း မသိ။ လက်ချာရိုက်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးများနှင့် တွေ့ပြီဆိုလျှင် ဒီကောင် အတော့်ကို လေကြောရှည်ပါသည်။

မဖြစ်တော့။

နောက်ဆုံး မိုးမြေကို ထိုင်မစောင့်နိုင်တော့တဲ့အဆုံး ကားပေါ်ကနေ ဆင်းချသွားပြီး သူလိုက်ခေါ်မိလိုက်သည်။

ဖြစ်ချင်တော့ သူသည် အမှတ်တမဲ့အခြေအနေမှာ သတိလက်လွတ်ဖြစ်ပြီး ကားတံခါးကို လော့ခ်မချဘဲ ဒီတိုင်း ထားခဲ့မိလေသည်။

✲

ဇာတ်လမ်းက

အဲမှာတင် စလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မိုးမြေနှင့် ကောင်မလေးတွေ၏ ကားနားရောက်တော့ နိုင်ငံကျော်အဆိုတော် နေဆေးကို မြင်ပြီး နှင်းလွှာဆိုသော ကောင်မလေးက ဝမ်းသာအားရ ထခုန်လေ၏။ ဆတ်စလူး နတ်ပူးသလိုဆိုတာ ထိုပုံပင်ဖြစ်မည်။

နေဆေးနှင့် ခုလို အပြင်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရမှုကြောင့် နှင်းလွှာ၏ရင်ထဲမှာ ဖိုးသိုးဖတ်သပ်ခုန်နေမိသည်။

သို့သော်…

ထူးခြားမှုတစ်ခုကား ကောင်မလေးနှစ်ယောက်အနက် ကျန်တစ်ယောက်ဖြစ်သူ 'ပန်းပန်'ဆိုတဲ့ ကောင်မလေးကတော့ ဘာထူးခြားမှုအရိပ်အယောင်မျှ မပြတဲ့အပြင် နေဆေးကို မြင်ကတည်းက သူမမျက်နှာကို စူပုပ်၍ တစ်ဖက်သို့ မျက်နှာလွှဲထားလေ၏။



ဒါသည် သူမအတွက် အကြောင်းတစ်ခုခုတော့ ရှိရမည်။

နှင်းလွှာကတော့ သူမကိုယ်သူမ နေဆေးနှင့်မိတ်ဆက်ကာ နေဆေး၏သီချင်းတွေကို သူ အရမ်းကြိုက်တဲ့အကြောင်း၊ နေဆေးက သူမဘဝရဲ့ Favourite အဆိုတော်တစ်ဦးဖြစ်တဲ့အကြောင်း သူမတစ်ယောက်တည်း ပါးစပ်ကနေ ရေပက်မဝင်အောင် ပြောနေလေ၏။

သူ့ပရိသတ်ဆိုတော့လည်း နေဆေးက နေရာမှာတင် အလိုက်သင့် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပေးနေရသည်။

ထိုသို့ နားထောင်ပေးနေရင်းက 'ပန်းပန်'ဆိုတဲ့ ကောင်မလေးဘက်ကို တစ်ချက် တစ်ချက် လှည့်ကြည့်မိတိုင်း မျက်နှာရှစ်ခေါက်ချိုးနှင့် ကောင်မလေးကို မြင်ပြီး နေဆေးရင်ထဲမှာ တစ်မျိုးဖြစ်နေမိ၏။

နေဆေးနှင့် သူ့ပရိသတ်ကောင်မလေးများ ဆုံတွေ့တိုင်း ဒီလိုကောင်မလေးမျိုးနှင့် တစ်ခါမှမကြုံဖူးပါ။

နေဆေးအတွက် အခြား အခြားသော ကောင်မလေးများနှင့်မတူဘဲ ပန်းပန်ဆိုတဲ့ကောင်မလေးက တစ်မူကွဲထွက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်…

ကောင်မလေးများအတွက် အသည်းအသန်ကြိုးစားပေးနေရှာသော မိုးမြေကတော့ ကားစက်ခေါင်းကို ဖွင့်၍ ဟိုနှိုက် သည်နှိုက်ဖြစ်နေရှာ၏။

သူ တကယ်ကားပြင်တတ်၊ မပြင်တတ်တော့ မပြောတတ်ပါ။

ယခု မိုးမြေ၏ပုံစံကို ကြည့်ရသည်မှာ မြန်မာဗီဒီယိုကားထဲက ဇာတ်ကွက်တစ်ခုကို ကြည့်နေရသလို။

လမ်းမှာ မင်းသမီးတစ်ယောက်၏ ကားပျက်တိုင်းမှာ အလိုလိုပေါ်တော်မူလာသည့် ဇာတ်လိုက်မင်းသားသည် မင်းသမီး၏ စီးတော်ယာဉ်စက်ဖုံးကို ဖွင့်၍ သိသလိုလို တတ်သလိုလိုအထာဖြင့် သူ့ရဲကောင်းကြီး ထလုပ်သလိုမျိုး။

ထားပါ။

အခုအချိန်မှာတော့ မိုးမြေပြင်ပေးနေသော ကောင်မလေးနှစ်ယောက်၏ ကားက အမြန်ဆုံးပြန်ကောင်းဖို့ပဲ အရေးကြီးပါသည်။

ထိုအခိုက်…

လမ်းပေါ်တွင် ဒီအတိုင်းရပ်တန့်ထားခဲ့သော အဆိုတော်နေဆေး၏ ကားနားသို့ ခြေလှမ်းနှစ်စုံ တစ်စစ ချဉ်းကပ်လာပါသည်။



သူများကားဆီသို့ မရိုးမသားအကြံအစည်ဖြင့် ရောက်ရှိလာသော ခြေလှမ်းပိုင်ရှင်များသည် သွေးအေးပုံတော့ ပေါ်၏။

ခိုးကြောင်ခိုးဝှက် အလုပ်တစ်ခုကို လုပ်တော့မည့် သူတို့၏ပုံစံများသည် အတည်ပေါက်ကြီးဖြင့် ထိုကားပေါ်သို့ တက်ရောက်သွားပါသည်။

ပြီးနောက် သူတို့သည် ကားပေါ်တွင် ခြေရာလက်ရာမပျက်အောင် တစ်စုံတစ်ရာကို အပြင်းအထန်မွှေနှောက်ရှာဖွေကြည့်နေကြသည်။

သူတို့သည် ကားကိုလိုချင်၍ ခိုးမည့်ကားသူခိုးများလည်း မဟုတ်။ သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းဥစ္စာနှင့် ငွေကြေးပိုက်ဆံများကို ခိုးမည့်သူခိုးသူဝှက်ပုံများလည်း မပေါ်။

ကြိုတင်ကြံစည်မှုဖြင့် တစ်စုံတစ်ရာအလစ်သုတ်ရန် ရည်ရွယ်ထားသော သူတို့၏ Project က ဘာမှန်းတိတိကျကျ ရေရေရာရာမသိရသေး။

ခဏကြာ…

ကားပေါ်ရှိ လူနှစ်ယောက်အနက် တစ်ယောက်က ကားဒက်ရှ်ဘုတ်အံဆွဲခါးကို ခပ်စပ်စပ်ဖွင့်လှစ်လိုက်ပါသည်။

တွေ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လိုချင်နေသော အရာကို ရှာတွေ့သွားလေပြီ။ ထိုထဲမှ လိုချင်တာကို ယူပြီးနောက် ဒတ်ရှ်ဘုတ်တံခါးကို သေချာပြန်ပိတ်ခဲ့ပါသည်။

ဒါဆို သူတို့အကြံအစည် အောင်မြင်သွားပြီဟု ဆိုရမည်။

ထို့ကြောင့်…

သူတို့နှစ်ဦးလက်ထဲမှာ အဆိုတော်နေဆေး၏ ကိုယ်ပိုင် Harddisk တစ်လုံးကို ကိုင်ဆောင်၍ ထိုကားပေါ်ကနေ ခပ်တည်တည်ဖြင့်ဆင်းပြီး လာရာလမ်းသို့ ပြန်လျှောက်သွားကြလေ၏။

ပြီးနောက် သူတို့သည် မလှမ်းမကမ်းရှိ ကားတစ်စီးပေါ်သို့ ပြန်တက်ကာ ဒုန်းစိုင်းမောင်းပြေးသွားလေတော့သည်။

*

ဤသို့ဖြင့်
**Harddisk ပြန်ပေးဆွဲသော**
**ပြဿနာတစ်ရပ် စတင်ပေါ်ပေါက်ခဲ့လေသည်။**

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 05)**

'ကဲပါ… ကိုမိုးမြေရော အဆိုတော်ကြီးနဲ့ရော ခုလို အမှတ်တမဲ့ဆုံတွေ့ရတဲ့အတွက် ဒီဝိုင်းကို နှင်းလွှာရှင်းပါရစေ'

သူမတို့၏ ကား ပြန်ကောင်းသွားသည့်အထိမ်းအမှတ်ဖြင့် ကောင်မလေးနှစ်ယောက်က သူတို့ကို YKKO မှာ ကြေးအိုးလိုက်တိုက်ခြင်းဖြစ်သည်။

နှင်းလွှာ၏အဆိုကို ဝမ်းပန်းတသာ ပြန်လည်ထောက်ခံရင်း မိုးမြေကတော့ သူ့ရှေ့ချပေးလာသည့် ကြေးအိုးဆီချက်ကို ခေါင်းမဖော်တမ်း အပီဆွဲနေလေပြီ။

'ဒါနဲ့ နေဆေးရဲ့ အခွေထွက်တဲ့ညကျရင် နှင်းလွှာရော ပန်းပန်ရော လာအားပေးမယ်၊ အဲ့ဒါကျရင် ကျွန်မတို့နှစ်ယောက်ကို VIP နေရာမှာ ထားရမှာနော်'



နှင်းလွှာ၏ အခေါ်အပြောကို နေဆေးက…

'မနှင်းလွှာကသာ ကျွန်တော့်ကို အားပေးမယ်ပြောတာ၊ ကျန်တဲ့တစ်ယောက်က လှုပ်တောင်မလှုပ်ဘူး'

အရမ်းကို တည်ငြိမ်အေးစက်ပုံ အတိုင်းသားပေါ်လွင်နေသည့် ပန်းပန်ကို နေဆေးက ကလိလိုက်ခြင်းဖြစ်သည်။

ဒါကို သူ့သူငယ်ချင်းဘက်မှ ပြန်လည်ဖာထေးသူက…

'ပန်းပန်က ဒီလိုပဲနေတတ်လို့ပါ'

'မသိပါဘူး၊ တချို့ တချို့သော မိန်းကလေးတွေက အလကားနေ ပဲများတတ်သလားလို့'

နေဆေးက နောက်တစ်ချက်မောင်းတင်ပြီး စကားလုံးကျည်ဆန်များဖြင့် ပစ်ခွင်းစမ်းသပ်လိုက်ပြန်သည်။

ဒီအခါမှပဲ…

လွင့်ဝဲတက်လာသော သမင်မျက်စောင်းလေး၏ အကြည့်ဒဏ်ကို နေစေး ခံလိုက်ရ၏။

ဒီကြားထဲက အစားကိုပဲ အသဲအမဲငုံ့စားနေသည့် မိုးမြေက…

'ကောင်းလိုက်တာကွာ၊ ဘရိတ်ဖတ်နဲ့ နေ့လယ်စာ ပေါင်းစားလိုက်လို့လား မသိဘူး၊ ကြေးအိုးက တော်တော်ကို အရသာရှိတာ'

www.burmeseclassic.com

www.burmeseclassic.com



'အရသာရှိလို့ မဝသေးရင် နောက်တစ်ပွဲထပ်မှာလေ'

နှင်းလွှာက ကားပြင်ပေးသော ကျေးဇူးရှင်ပဲဆိုပြီး ထပ်မံအလိုက်သိစကားကို ဆိုလိုက်၏။

Tissue Box ထဲက တစ်ရှူးစများကို ဆွဲထုတ်လိုက်ရင်း မိုးမြေက…

'အမုန်းဆွဲလို့ ဝသွားပါပြီဗျာ၊ တော်ပါပြီ'

ထိုသို့ဖြင့်…

စားရင်းသောက်ရင်း သူတို့ချင်း စကားလက်ဆုံကျပြီး ခဏကြာ ဆိုင်က ထဖို့ ပြင်လိုက်ကြသည်။

ကောင်မလေးနှစ်ယောက်ကို နှုတ်ဆက်လမ်းခွဲပြီးနောက် ကားပါကင်တွင် ရပ်ဆိုင်းထားသော သူတို့၏ကားရှိရာသို့ ပြန်လည်ရောက်ရှိသွားကြသည်။

ထို့နောက်…

နေဆေးက လက်ထဲက သော့ကွန်ထရိုးဖြင့် ကားတံခါးလော့ခ်ကို အပြင်ကနေ ဖွင့်လှစ်လိုက်သည်။

တစ်ဖက်တံခါးကနေ ဖွင့်ပြီး မိုးမြေက ကားပေါ်အရင်ပြန်ရောက်နေပြီ။

နေဆေးလည်း Driver နေရာသို့ အသင့်ဝင်ထိုင်လိုက်



ရင်း ရပ်ဆိုင်းထားသော အော်တိုဂီယာကို ချိန်း၍ ကားဘီးစလိမ့်ဖို့အလုပ် တစ်စုံတစ်ရာကို သတိရလိုက်မိ၏။

အမှတ်တမဲ့ ကားဒက်ရှ်ဘုတ်ကို ဖွင့်၍ သူ၏ harddisk ကို ပြန်ကြည့်မိလိုက်သည်။

သူမျက်ဝန်းစုံဖြင့် တွေ့လိုက်ရသည်ကား ဒက်ရှ်ဘုတ်ထဲမှာ အဟောင်းသား။

သူ၏ အရေးတကြီး Data များ သိုလှောင်ထားသည့် External harddisk သည် နေရာမှာ လုံးဝမရှိတော့။

အရာရာက ငြိမ်သက်စွာဖြင့် အသံတိတ်လျက်။

တစ်ယောက်ကို တစ်ယောက် မေးငေါ့ပြရင်း ကားပေါ်မှာတင် သူ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

သူ့အရှိန်နဲ့ သူ ပြေးနေတဲ့ ပြေးလမ်းပေါ်က

လူတစ်ယောက် ခလုတ်တိုက်မိပြီး

"ချောက်"ထဲကျအောင်လုပ်တဲ့ နည်းလမ်းပေါင်းစုံ

ကို သင်တို့ သိရှိထားပါသလား"



'ထောင်ချောက်'ပေါင်းများစွာဖြင့် တန်ဆာဆင်ယင်ထားသော မာယာအပြည့်နဲ့ လူ့လောကကြီးတွင်...

'ပြန်ပေးဆွဲခြင်း'

ဆိုသည့်

ပြဿနာမျိုးကို ပုံစံအမျိုးမျိုးဖြင့် ကြားဖူးကြမည်ဖြစ်သည်။

လူကို ငွေကြေးဖြင့်တန်ဖိုးဖြတ်ပြီး အလဲအလှယ်လုပ်သည့် 'ပြန်ပေး'ပြဿနာမျိုး။

လူတစ်ယောက်၏ အရှက်တရားကို ငွေကြေးဖြင့် ဖုံးဖိပေးနိုင်ဖို့ တောင်းခံသည့် 'ပြန်ပေး'ပြဿနာမျိုး။

'ပြန်ပေး'ပြဿနာပေါင်းစုံရှိသည့်အနက်...

ဒါကတော့...

နာမည်ကြီးအဆိုတော်တစ်ယောက်၏ (အရေးကြီးဆုံးအသက် = လက်နက်) မကြာမီထွက်ရှိမည့် သီချင်း Data များပါဝင်သည့် harddisk ကို ပြန်ပေးဆွဲခြင်းကိစ္စဆိုသည်မှာ...

အမှန်တကယ်တော့...

ရည်ရွယ်ချက်ကြီးကြီးဖြင့်

သိက္ခာကို အရည်အချင်းနှင့် လဲလှယ်ခိုင်းသည့် ပြန်ပေးပြဿနာပင် ဖြစ်လေ၏။

✲

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 06)**

မိုတ်တုတ်မိုတ်တုတ်ပြနေသော မီးစိမ်းအဆုံး။ ချက်ကျလက်ကျ ဝါပြီးမှ နီသွားသည့် မီးပွိုင့်အောက်တွင် ကားတစ်စီး 'ဝူးခနဲ' ဖြတ်မောင်းသွားလေ၏။

ထိုကားကို စိတ်ညစ်လက်ညစ်ဖြင့် အရှိန်မသတ်ဘဲ မောင်းနှင်လာသူက နေဆေး။ အမှန်တော့ သူသည် မီးစိမ်းဆုံးဆုံးချင်းသား ဖြတ်မောင်းမိခြင်းဖြစ်သည်။

ထိုမီးပွိုင့်အလွန် ကိုက်အနည်းငယ်အကွာ၌ လက်လှမ်းတားရင် ကားအရှိန်ကို သတ်ခိုင်းနေသည့် အဖွဲ့အစည်းတစ်ခုက မြန်မာနိုင်ငံယာဉ်ထိန်းရဲအဖွဲ့။

'ကျွိ'

ဒီနေ့တစ်နေ့လုံး ကံမကောင်းခြင်းများစွာဖြင့် သူသည်



မရပ်ချင်ရပ်ချင်ပဲ မောင်းလက်စကားဘရိတ်ကို ဖမ်းအုပ်ပေးလိုက်သည်။

'ညီလေး လိုင်စင်လေး တစ်ချက်လောက်'

ရဲကိုကိုက နေဆေးကို စိုက်ကြည့်ရင်း ကားပြင်ဘက်ကနေ လှမ်းတောင်း၏။

အလိုက်အထိုက်ပဲ လိုင်စင်ကို နေဆေးက သူ့အိတ်ကပ်ထဲကနေ ထုတ်ပေးလိုက်ပါသည်။

ထိုအခါ…

ယာဉ်ထိန်းရဲကိုကိုများက နေဆေးအား မီးနီဖြတ်မောင်းမှုပြစ်မှုဖြင့် မှတ်တမ်းမှတ်ရာများအတွင်း စွဲချက်သွတ်သွင်းကာ ရုံး၌ ဒဏ်ငွေလာသွင်းရန် ချလံတစ်ရွက်ရေးပြီး ဖြတ်ပေးလိုက်သည်။

ဘာလျှောက်လဲချက်မှ ပြန်ပေးမနေတော့ဘဲ ချလံစာရွက်ကို ကားထဲကလှမ်းယူ၍ နေဆေးသည် ကားဂီယာကို Auto D သို့ ပြန်ထား၍ နေရာမှ မောင်းထွက်ခဲ့လိုက်သည်။

ကားပေါ်မှာတင် မိုးမြေက သူထင်ရာမြင်ရာကို တောက်ချက်ဆွဲပြောလေသည်။

'ငါ့စိတ်ထင်ပြောရရင် မင်းအခွေထွက်ခါနီးမှာ့သိလို့ စာတ်သိလူတစ်ယောက်က သက်သက်ညစ်တာပဲဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်းသား နေဆေးက ဖြစ်နိုင်ချေများကို ဆက်စပ်စဉ်းစားရင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချနေမိ၏။

သူ ဘာစကားမှ ပြန်မပြောနိုင်သေး။

သူ့အရိပ်အခြည်ကို ကြည့်ရင်း မိုးမြေက ဆက်ပြောပြန်သည်။

'ငါ့ကွန်ပျူတာထဲမှာလည်း မင်းရဲ့ ရှိသမျှ data တွေ အားလုံး delete လုပ်ခဲ့ပြီဆိုတော့ ဒီပြဿနာကို မင်းရဲ့ပရိဂျူဆာနဲ့ ဘယ်လိုရှင်းမလဲ သူငယ်ချင်း'

'ပြဿနာဆိုတာထက် အခု ပြဿနာရဲ့ အရင်းအမြစ်ကို ငါစဉ်းစားနေတာ'

နေဆေးက ခပ်ဖွဖွပြန်ပြောလိုက်သည်။

'ဒါဆိုရင် မင်းရဲ့ harddisk ကို ခိုးသွားတဲ့လူတွေက ဘယ်သူတွေဖြစ်မယ်လို့ မင်းထင်လဲ?','

'ငါ့နောက်ကျောကို ဓားနဲ့ထိုးပြီး ငါ့သိက္ခာကို ဖြုတ်ချချင်တဲ့ ငါ့အနီးအနားက အတွင်းလူတစ်ယောက်ယောက်၊ ဒါမှမဟုတ် အဆိုတော်နေဆေးရဲ့ အစီအစဉ်အားလုံးကို တစ်စစီပျက်ပြားသွားအောင် လုပ်ချင်တဲ့လူတစ်ယောက်ပဲ ဖြစ်မှာပေါ့'



လေးလေးနက်နက်တွေးခေါ်၍ နေဆေးက အဖြေထုတ်ကြည့်နေခြင်းဖြစ်သည်။

မိုးမြေက မကျေမချမ်းဖြင့် ဆက်ပြောလာသည်။

'တော်ကြာ မင်းခွေထွက်မယ်လို့ ကြေညာထားတဲ့ ရက်မတိုင်မီ မသမာတဲ့ အဖွဲ့အစည်းတစ်ခုခုရဲ့ လက်ထဲကို မင်းရဲ့ harddisk ရောက်သွားပြီး ကော်ပီခွေတွေချည်းပဲ ဈေးကွက်ထဲကို ပို့ပေးလိုက်ရင် မင်း ဘယ်လိုရှင်းမလဲ သူငယ်ချင်း'

ထိုစကားကို ကြားပြီး နေဆေးက ခေါင်းတခါခါ အနေအထားဖြင့်...

'ဒါဟာ မသမာရိုးမှန်ရင်တော့ ဘယ်လောက်ထိ မသမာနိုင်မလဲဆိုတာ စောင့်ကြည့်ချင်သေးတယ်'

ဟု ခပ်လေးလေး ပြန်ပြောလိုက်သည်။

သေချာပါသည်။

ဒီကိစ္စသည် နိုင်ငံကျော်အဆိုတော် နေဆေးနှင့် သူ့ပရိသတ်များအကြား မျက်နှာပျက်ဖွယ်ဖြစ်အောင် သက်သက်လှည့်စားထားသော ညစ်ပတ်မှုတစ်ခုသာဖြစ်မည်။

ထိုသို့ မဟုတ်ခဲ့လျှင်...

ထိုအကွက်ကို ဖန်တီးသူက အဆိုတော်နေဆေးဆီ

www.burmeseclassic.com

www.burmeseclassic.com



က အလျော်အစားတစ်ခုခုကို လိုချင်လို့များလား?

ဒါကတော့…

အားလုံးအတွက် စဉ်းစားရော?

*

လူတွေက

ရောင်စုံခဲတံတွေဆိုရင်

ငါဟာ…

ခဲတံတောင့် ကောင်းကောင်းမချွန်တတ်သေးတဲ့

ခပ်တုံးတုံးချွန်စက်လေးပေါ့။ ။

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 07)**

**(1:00 pm)**

ထိုကိစ္စဖြစ်ပြီး နောက်တစ်နေ့ Producer ဦးဘိုမန်း အိမ်၌ နေဆေးသည် မနေ့က ဖြစ်ခဲ့သမျှ အကြောင်းအရာများ အားလုံးကို အသေးစိတ်ရှင်းပြနေပါသည်။

သူ၏ဘေးတွင် မိုးမြေလည်း ပါသည်။

တအံ့တသြဖြင့် နားထောင်နေသော ဦးဘိုမန်းအနား တွင် သားဖြစ်သူ 'ဆူးခါးနေ' လည်း ရှိနေသည်။

သိပ်မပေါင်းဖြစ်ပေမယ့် 'ဆူးခါးနေ' နှင့် 'နေဆေး' တို့ကလည်း ညီအစ်ကိုသူငယ်ချင်းအရင်းများနှင့် မခြား။

တစ်ခုခုဆို နေဆေးဘက်က ဝင်ရောက်စိတ်ပူပေးရာ သည်။



ဆူးခါးနေက နေဆေးရှင်းပြသမျှအား ခေါင်းတညိတ် ညိတ်နှင့် သုံးသပ်ရင်း…

'သေချာတာက မင်း harddisk ပျောက်တဲ့အချိန်မှာ ကားပေါ်တင် အလိုလိုပျောက်သွားတာဆိုတော့ ကားတံခါး ကို လော့ခ်မချခဲ့လို့လား'

ထိုစကားအသွားအလာကိုကြားပြီး မိုးမြေခေါင်းထဲ တွင် လင်းခနဲဖြစ်သွားရသည်။

မိုးမြေက နေဆေးဘက်လှည့်၍…

'ဟုတ်မယ်၊ ငါ ဟိုကောင်မလေးနှစ်ယောက်ကို ကား ပြင်ပေးနေတုန်း မင်း ငါ့ဆီကို ကားတံခါးလော့ခ်မချဘဲ ရောက်လာခဲ့တာမို့လား နေဆေး'

နေဆေးက ခေါင်းညိတ်ပြလိုက်ရင်းက…

'မင်းဆိုလိုချင်တာက ငါ့ harddisk အပျောက်ခံရတဲ့ ကိစ္စဟာ အဲကောင်မလေးနှစ်ယောက်နဲ့ ပတ်သက်လိမ့်မယ်လို့ ယူဆတာလား'

'အဲကောင်မလေးနှစ်ယောက်ထဲမှာ ဖြစ်နိုင်ချေအရှိ ဆုံးက မင်းကို မျက်နှာရှစ်ခေါက်ချိုးနဲ့ ဆက်ဆံတဲ့ ပန်းနှင်း ဆိုတဲ့ကောင်မလေးကို ငါသိပ်မသင်္ကာဘူး၊ မင်းမှာ မင်းမသိတဲ့ အငြိုးတစ်ခုခုများရှိနေမလားလို့'

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေ၏ ယူဆချက်ကြောင့် နေဆေးမှာ တွေဝေသွားရသည်။

သူမနှင့် သူ ဘယ်နေရာတွင် ဘာများဖြစ်ခဲ့ပါလိမ့်?

သူတို့ဘေးမှာ တစ်ခွန်းမှုဝင်မပြောသေးတဲ့ ဦးဘိုမန်းက နားသယ်စပ်ကို သူ့လက်ဖြင့်ကုတ်ရင်း…

'ဘာပဲဖြစ်ဖြစ်ကွာ… အခွေထွက်မယ့်ညမှာ စီစဉ်ထားတဲ့ နေဆေးရဲ့ Live Show ဆက်တင်တွေ Promotion ကိစ္စတွေအတွက် ငါသုံးထားတဲ့ ပိုက်ဆံတွေက တော်တော်လက်လွန်နေပြီကွ'

ဒီအချိန်မှာ ဦးဘိုမန်းအတွက် တော်တော်လေး စိတ်ကသိကအောက်ဖြစ်နေရပြီဆိုတာကို သူနားလည်ပါသည်။

ထို့ကြောင့်…

'ကျွန်တော်လည်း အခုပြဿနာ့အတွက် တော်တော်လေး စိတ်အနှောင့်အယှက်ဖြစ်နေရပါတယ်၊ harddisk ထဲမှာပါသွားတဲ့ ကျွန်တော့်သီချင်းတွေက နောက်တစ်ခါပြန်လုပ်ယူလို့မရတဲ့ ကျွန်တော့်အနုပညာတွေပါ'

နေဆေးလည်း အခုအချိန်မှာ ဒီလောက်ပဲ ပြန်ပြောနိုင်တော့သည်။ ထိုအခိုက်…

'တူ ××× တူ ××× တူ ××× တူ ××× တူတူး'



နေဆေး၏ i phone ထဲသို့ အမည်မပါတဲ့ ဖုန်းနံပါတ် အစိမ်းတစ်ခု ဝင်ရောက်လာပါသည်။

သူ ဖုန်းကို စပီကာဖွင့်၍ ကောက်ကိုင်လိုက်ပါသည်။

ဖုန်းထဲကနေ တစ်ဆင့် သူတို့အားလုံးအတိုင်းသား ကြားနေရတဲ့ စကားသံများက…

'အခု အဆိုတော်ကြီး ရောက်ရှိရာ အိမ်ထဲကို ပါဆယ်ထုပ်တစ်ထုပ် ရောက်ရှိလာပါလိမ့်မယ်၊ ချက်ချင်း ဖွင့်ကြည့်စေချင်ပါတယ်'

တစ်ဖက်က ပြောချင်ရာ ပြောပြီး ဖုန်းကို ချက်ချင်း ချပစ်လိုက်သည်။

ရုတ်တရက် နေဆေးကိုယ်တိုင် ကြောင်သွားပြီးမှ ထိုနံပါတ်အတိုင်း ပြန်လည်ခေါ်ဆိုကြည့်မိသည်။

မရတော့။

တစ်ဖက်က ဖုန်းလုံးဝမကိုင်တော့ပေ။

ခဏကြာ…

သူတို့အားလုံးရှိရာ အိမ်ထဲသို့ ဦးဘိုမန်း၏ ခြံစောင့်ဒရဝမ်တစ်ယောက် ရောက်လာ၍ လူတစ်ယောက်လာပေးသွားတာဆိုပြီး ပါဆယ်ထုပ်တစ်ထုပ် လာပေးပါသည်။

ပါဆယ်ထုပ်ပေါ်မှာ ရေးသားထားတဲ့ လက်ရေးလက်

www.burmeseclassic.com

www.burmeseclassic.com



သားကို နေဆေးသည် တစ်နေရာရာမှာ မြင်ဖူးထားသလို ဖြစ်တာကြောင့် ပါဆယ်ထုပ်ကို အမြန်ဆုံးဆွဲယူကြည့်မိ၏။

ပါဆယ်ထုပ်ပေါ်မှာ ရေးသားထားသည်က…

*နိုင်ငံကျော်အဆိုတော် နေဆေးအတွက်*
*ပထမဆုံးလက်ဆောင်*

ကော်ဖြင့်ကပ်ထားသော ပါဆယ်ထုပ်ပေါ်က ထို စာရွက်ကို ဆွဲဖြုတ်၍ သူ့အိတ်ကပ်ထဲမှာ အသေအချာခေါက် သိမ်းထားလိုက်သည်။

ထို့နောက် လေးနားညီ ပြားချပ်ချပ်အထုပ်ပေါ်က ပါကင်စကို ဆွဲဖြည်ကြည့်လိုက်သောအခါ အထဲမှာ တွေ့လိုက် ရသည်က CD ပြားတစ်ချပ် ဖြစ်နေသည်။

ထို CD ပြားပေါ်တွင် CD Marker ဖြင့် ထပ်ရေး ထားသော စာတစ်ကြောင်းကိုလည်း တွေ့ရပြန်သည်။



*ဒီအခွေကို တီဗွီမှာဖွင့်ကြည့်ပါ*

ညွှန်ကြားချက်အတိုင်း…

နေဆေးလက်ထဲက ထိုခွေကို ဆုပ်ခါးနေက ပျာပျာ သလဲဆွဲယူရင်း ဧည့်ခန်းထဲတွင် အသင့်ရှိနေသော VCD player စက်ထဲသို့ ထိုးထည့်လိုက်ပါသည်။

နေဆေးအပါအဝင်…

သူတို့အားလုံး မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ သော TV ပေါ်က ပြကွက်မှာ…

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါပြကွက်နဲ့အတူ TV စပီကာမှ တစ်ဆင့်အတိုင်းသားကြားနေရတဲ့အသံများက…

'မင်္ဂလာပါ အဆိုတော်ကြီးခင်ဗျား? အဆိုတော်ကြီးရဲ့ harddisk ထဲက စီးရီးဟာ မကြာခင် ထွက်ရှိတော့မယ်လို့ ကြေညာထားတဲ့အတွက် အခုအချိန်မှာ အဆိုတော်ကြီးရဲ့ အသက်နဲ့အမျှ အရမ်းအရေးကြီးနေမှာပါ။

ဒါကို သိထားတဲ့ ကျုပ်တို့အဖွဲ့က အဆိုတော်ကြီးရဲ့ Harddisk ကို ပြန်ပေးဆွဲထားလိုက်ပါတယ်။

အခုလို ကျုပ်တို့က ပြန်ပေးဆွဲခဲ့တယ်ဆိုပေမယ့် ခင်ဗျား harddisk ထဲက သီချင်း data တွေကို လုံးဝလက်များနဲ့တောင် မထိပါဘူး။ Copy ခွေတွေ ပွားပြီးဖြန့်ဖို့ဆိုတဲ့ အောက်

www.burmeseclassic.com

www.burmeseclassic.com



တန်းကျတဲ့ အစီအစဉ်တွေလည်း မရှိပါဘူး။

အဲလိုပဲ…

ဟောဒီပြန်ပေးမှုမှာ အပေးအယူ၊ အလျော်အစားတွေလည်း သိပ်မရှိပါဘူး။ တစ်ခုပဲ ရှိမယ်။

အဆိုတော်ကြီးရဲ့ သိက္ခာအတွက် အဆိုတော်ကြီးရဲ့ ကိုယ်ပိုင် harddisk ကို ဒီရက်ပိုင်းအတွင်း ပြန်လိုချင်တယ်ဆိုရင်တော့ အခုချိန်က စတင်ပြီး ကျုပ်တို့အဖွဲ့နဲ့ Game ကစားလိုက်ကြပါစို့။

ဟုတ်ကဲ့…

Harddisk ပြန်ပေး Game ရဲ့ 1st Challange အနေနဲ့ မနေ့ကပဲ အဆိုတော်ကြီးကိုယ်တိုင် မီးနီဖြတ်မောင်းခဲ့လို့ ဒဏ်ခတ်ခံခဲ့ရတဲ့ ချလံစာရွက်နောက်ကျောကို ကြည့်လိုက်ပါ။

အဲဒါ…

harddisk ပြန်ပေး Game ရဲ့ ပထမသဲလွန်စပါပဲ

… (ဂျစ်… ဂျစ်… ဂျစ်)…

…

TV ပြကွက်ပေါ်က ညွှန်ကြားချက်အရုပ်အသံများထာမှန်ဝါးစွာ တဂျစ်ဂျစ်ဖြင့် ပျောက်ကွယ်သွား၏။



ကမန်းကတန်းပဲ နေဆေးတစ်ယောက်လည်း သူ့ပိုက်ဆံအိတ်ထဲမှာ သိမ်းဆည်းထားသည့် ချလံစာရွက်ကို ထုတ်ရှာမိလိုက်သည်။

တွေ့ပါပြီ။

ချလံစာရွက်နောက်ဘက်ခြမ်းမှာ ပြန်ပေးအဖွဲ့၏ ကြိုတင်ကြံစည်မှုဖြင့် ရေးသားထားသော သဲလွန်စ စာသားတစ်ကြောင်း…။

www.burmeseclassic.com

www.burmeseclassic.com

**harddisk ပြန်ပေး Game ရဲ့**

***ပထမသဲလွန်စ***

**(21.1.2013)**

**(2:00 PM)**

***တော်ဝင်စင်တာ...?***

တစ်စုံတစ်ရာကို သူရိပ်စားမိလိုက်၏။

ချက်ချင်းပဲ နေဆေး လက်က နာရီကို ကြည့်မိလိုက်သည်။

date ဖော်ပြတဲ့အဆိုအရ ဒီနေ့က ၂၁ ရက်ပဲဖြစ်နေပြီး ရောက်ရှိရာအချိန်ကတော့ 1:20 PM အတိ။

အခုနေ ဒီကနေ ထွက်မှ အချိန်မီမည်။

ထို့ကြောင့် သူသူငယ်ချင်း မိုးမြေလက်ကို ဆွဲ၍ နေရာကနေ ထွက်ခွာဖို့ ဟန်ပြင်လိုက်ရင်း နေဆေးက...

'ဘာမှစိတ်မပူပါနဲ့ အန်ကယ်...

ဒါက စိတ်ဝင်စားစရာ ကစားပွဲလေးတစ်ခုပါပဲ။ ပွဲကြာမြင့်ချိန်ကတော့ အလွန်ဆုံးကြာ သုံး၊ လေးရက်ပေါ့'

ပြောပြီး အိမ်တံခါးဝနားအရောက် သူတို့နောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်လိုက်သူက…

'နေဦး နေဆေး၊ ဒီကစားပွဲမှာ ငါပါ မင်းရဲ့ဘက်က ကူကစားပေးမယ်'

ဟုဆိုကာ ဆူးခါးနေပါ သူတို့နှင့်အတူတူ ကစားပွဲအတွင်း ဝင်ရောက်ဆင်နွှဲရန် တော်ဝင်စင်တာသို့ ချီတက်ခဲ့ကြပါသည်။

(Scene: 08)

(21.1.2013)

(1:45 PM)

တော်ဝင်စင်တာအတွင်း သူတို့သုံးဦး ရောက်ရှိနေပါပြီ။

အရင်ဦးဆုံး သူ့လက်က နာရီကို ကြည့်လိုက်တော့ ပြန်ပေးသမားများ ချိန်းဆိုထားတဲ့အချိန် နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်လိုသေးသည်။

'သေချာတယ်၊ နှစ်နာရီထိုးမှ သဲလွန်စတစ်ခုခု ငါတို့ဆီ ရောက်လာလိမ့်မယ်၊ အဲအတွက် ဖြစ်နိုင်ချေရှိတဲ့ ပြန်ပေးအဖွဲ့ကို လောလောဆယ် ငါတို့ လျှောက်ရှာနေလို့ မလိုသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး’

နေဆေးက သူ့တွက်ကိန်းနှင့် သူ ပြောလိုက်၏။

သူတို့သုံးဦးသည် စင်တာအတွင်း ဟိုကြည့်ဒီကြည့်ဖြင့် ဆက်လျှောက်နေမိသည်။

ထိုသို့ဖြင့်

ဒုတိယအထပ်ရှိ တစ်နေရာအရောက် ဆူးခါးနေက မခံစားနိုင်တော့တဲ့ပုံနှင့် ထပြောပါသည်။

‘ဟော့ကောင်တွေ… ငါ Toilet ဘဲ ခဏပြေးလိုက်ဦးမယ်၊ မအောင့်နိုင်တော့လို့’

နေဆေးက…

‘မင်သွားချင် သွားလေ၊ ငါတို့တော့ မလိုက်တော့ဘူး၊ ဒီမှာပဲ ရပ်စောင့်နေတော့မယ်’

နေဆေးနှင့်အတူ မိုးမြေပါ ထိုနေရာတွင် ကျန်ရစ်ခဲ့ကြပြီး ဆူးခါးနေကတော့ Toilet ရှိရာဆီသို့ ခပ်သုတ်သုတ် လျှောက်လှမ်းသွားလေသည်။

ခဏကြာ မရှေးမနှောင်းအနေအထားဖြင့်…

သူဝင်သွားရာ (ကျား Toilet) ဘေးဘက်ခြမ်းကပ်လျက် (မ Toilet)အခန်းဆီမှ မိန်းမပျိုနှစ်ဦး ထွက်လာတာကို မိုးမြေ ခပ်လှမ်းလှမ်းမှ လှမ်းတွေ့နေရ၏။

ထိုမိန်းမပျိုနှစ်ဦးကို သူသေချာစိုက်ကြည့်မိတော့



တစ်နေရာရာမှာ မြင်ဖူးသလိုလိုနှင့်။

သူမှတ်မိလိုက်ပါပြီ။

မနေ့က ကားပြင်ဆိုင်းတဲ့ ကောင်မလေးနှစ်ယောက်ပဲဆိုပြီး သူ့ဘေးမှ နေဆေးကို လက်တို့ရင်း လှမ်းပြလိုက်မိသည်။ ထိုသို့ဖြင့်…

ထိုကောင်မလေးနှစ်ယောက် ပဲပေးပြီး လျှောက်လှမ်းလာရာမှ သူတို့အနားသို့ နီးကပ်စပြုလာ၏။

အနားရောက်တော့ နေဆေးနှင့် မိုးမြေကို မြင်ပြီး နှင်းလွှာက စတင်နှုတ်ဆက်ပါသည်။ ‘ပန်းယန်’ဆိုတဲ့ ကောင်မလေးကတော့ သိတဲ့အတိုင်း နေဆေးကို မြင်ရုံနှင့် မျက်နှာကြောကို တင်းပစ်လိုက်၏။ ထပ်မံဆုံကြပြန်ပြီ။

‘ဘာလဲ… Shopping ထွက်လာကြတာလား’

မိုးမြေက…

‘ဆိုပါတော့… ခင်ဗျားလေးတို့လည်း Shopping ပဲပေါ့၊ ဟုတ်တယ်မို့လား’

ကောင်မလေးနှစ်ယောက်ကို ပြုတ်ထွက်မတက်ကြည့်ရင်း သူ ပြန်လည်နှုတ်ဆက်လိုက်ပါသည်။

ထိုအခါ…

နှင်းလွှာက သူတို့ကို တွေ့မှ အားကိုးရသွားသောဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အပူကပ်ပါသည်။

'ဟိုလေ… ကိုနေဆေးတို့ ကိုမိုးမြေတို့ ATM ကဒ် သုံးသလားရှင့်'

ATM ကဒ်ဆိုသည်မှာ ဘဏ်တွင် ငွေစာရင်းထည့်သွင်းထားပြီး လိုအပ်သည့်အချိန် လိုအပ်သည့်နေရာ၌ စက်ရှိခဲ့လျှင် ကိုယ်ပိုင် password card တစ်ခုဖြင့် အလွယ်တကူ ငွေထုတ်ယူနိုင်သော စက်ဖြင့် အလုပ်လုပ်သည့် System တစ်ခုဖြစ်သည်။

'ဘာလို့လဲ မသိဘူး ခင်ဗျ'

နေဆေးက နှင်းလွှာမျက်ဝန်းများကို စိုင်ကြည့်ရင်း ပြန်မေးလိုက်ပါသည်။

နှင်းလွှာက ပျာပျာသလဲပြန်ဖြေသည်။

'ဒီလိုပါ… နှင်းလွှာတို့နှစ်ယောက် Shopping ထွက်လာရင်း ပိုက်ဆံပြတ်သွားလို့ စင်တာရှေ့က ATM စက်မှာ ကဒ်သုံးတာ ဘာ error ဖြစ်လဲမသိပါဘူး၊ စက်ထဲက ငွေထုတ်မရဖြစ်နေလို့ ကူညီပါလားရှင်'

ထိုစကားအသွားအပြန်ကို ကြားပြီး မိုးမြေက တုန့်တုန့်ယင်ယင် ပြန်မေးလိုက်၏။

'ဘာလဲ? နှင်းလွှာတို့ကို ကျွန်တော်တို့က ပိုက်ဆံ



ချေးရမှာလားဟင်'

'လန့်မသွားပါနဲ့ရှင်၊ ကိုမိုးမြေတို့ဆီက ပိုက်ဆံချေးနေတာ မဟုတ်ပါဘူး၊ ATM ကဒ်သုံးတတ်ရင် တစ်ချက်လောက် လိုက်စစ်ပေးပါလားလို့ အကူအညီတောင်းနေရတာပါ'

မိုးမြေ နားရှင်းသွားအောင် သူမက ထပ်ရှင်းပြလိုက်သည်။

'ကောင်းပါပြီ… ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်'

နေဆေးက သဘောတူလက်ခံလိုက်၏။

ထိုအခါ မိုးမြေက…

'ဟိုကောင်ရောက်လာလို့ ငါတို့ကို ရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ'

Toilet သွားသော ဆူးခါးနေကို ရည်ရွယ်၍ ပြောလိုက်ခြင်းပင်။

နေဆေးက…

'ဖုန်းဆက်ပြီး ဘယ်မှာရှိနေမယ်လို့ ပြောလိုက်လည်း ရတာပဲကွာ'

'ဟုတ်သားပဲ'

မိုးမြေလည်း ခေါင်းကုတ်ပြီး ကောင်မလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ လိုက်ပါလာခဲ့မိသည်။

ထိုသို့ဖြင့်…

တော်ဝင်စင်တာ၏ မြေညီထပ်ရှိ ဝင်ပေါက်နားက ATM ငွေထုတ်စက်အနားမှာ နေဆေးတစ်ယောက် နှင်းလွှာ၏ ငွေထုတ်ကတ်တွင် လျှို့ဝှက်စွာရိုက်နှိပ်ထားသော Password လေးလုံးဖြင့် အလုပ်ရှုပ်နေလေ၏။

စက်အတွင်း ကတ်ကို သူသေချာသွင်းရင်း password များကို တစ်လုံးချင်း စိစစ်စွာ နှိပ်လိုက်ပါသည်။

အမှန်တော့…

စက်က error ဖြစ်နေခြင်း မဟုတ်ပါ။

နှင်းလွှာဆိုသော ကောင်မလေးက ငွေထုတ်ဖို့ ပေါ့တီးပေါ့ဆဖြင့် ကဒ်ကို သေချာထိုးမသွင်းခဲ့လို့သာ ဖြစ်ပါလိမ့်မည်။

ပြီးနောက် ATM စက်၏ ဖန်သားပြင်ပေါ်၌ ကဒ်ပိုင်ရှင်လိုအပ်သော ငွေပမာဏကို ရိုက်နှိပ်နိုင်ရန် Touch ကိန်းဂဏန်းအကွက်တစ်ကွက် ဖော်ပြလာ၏။

ထိုအခါမှ…

နှင်းလွှာလိုချင်သောငွေ amount ကို ထုတ်ယူနိုင်ရန် ဖန်သားပြင်မှာ ရိုက်နှိပ်လိုက်သည်။



ငွေထွက်သည့် အံဝှက်အတွင်း…

'ချပ်… ချပ်… ချပ်'

ငါးထောင်တန်ငွေသားများ တစ်ချပ်ချင်းစီ အထပ်လိုက်ထွက်ချလာ၏။

ထိုအံဝှက်အတွင်းက ငါးထောင်တန်ငွေသားများကို နှင်းလွှာက ငုံ့ယူလိုက်ရင်း 'ပန်းပန်'ဆီသို့ ကမ်းပေးကာ…

'သုံးပုံးပြည့်လားလို့ ငါ့ကို ရေပေးစမ်းပါ ပန်းပန်'

ထို့နောက် သူမ၏ ကတ်ကို စက်အတွင်းမှ သေချာစွာ ပြန်ထုတ်နေမိသည်။

ထိုအချိန်…

အနားရှိ မိုးမြေက နေဆေးလက်မှ လက်ပတ်နာရီကို ထိုးပြလိုက်ရင်း 2:00 PM တိတိရှိပြီဖြစ်ကြောင်း မေးငေါ့ညွှန်ပြလိုက်၏။

နေဆေးမှ သူသိပါကြောင်း ခေါင်းပြန်ညိတ်ပြရင်းက ပန်းပန် လက်ထဲတွင် ရေတွက်နေသော ငွေသားများဆီအာရုံရောက်သွားမိသောအခါ…

ငါးထောင်တန်များ၏ နောက်ဆုံး၌ ဆိုဒ်တူရွယ်တူစာရွက်တစ်ရွက် ကပ်ပါလာကြောင်း သူ သတိထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပန်လက်ထဲက ထိုစာရွက်ကို နေဆေးက အမှတ်တမဲ့ဆွဲယူလိုက်တော့ ပန်းပန်ဆိုတဲ့ ကောင်မလေးပါ ရုတ်တရက် ကြောင်အသွားရသည်။

သူမကို သူ မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း…

'Sorry နော်၊ စက်ထဲကနေ ငွေကျတဲ့ အံဝှက်ထဲမှာ ဘယ်သူကြိုတင်ထည့်သွားလဲ မသိဘူး၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာပြဿနာလေးတစ်ခု ညပ်ပါလာလို့'

ဆိုပြီး လေသံတိုးတိုးလေးနှင့် ပန်းပန်နားမှာ သူ တမင်ကပ်ပြောလိုက်၏။ 'ပန်းပန်'က အူတူတူမျက်လုံးလေးနဲ့သာ သူ့ကို ပြန်ကြည့်နေပါသည်။

ထို့နောက် သူ့လက်ထဲ ရောက်ရှိသွားသော ငါးထောင်တန်နှင့် ဆိုဒ်တူစာရွက်ပေါ်မှာ ရေးသားထားသည့် စာသားကို မသိမသာဖတ်ကြည့်လိုက်မိတော့…

**harddisk ပြန်ပေး Game ရဲ့**
**ဒုတိယသဲလွန်စ**

*အဆိုတော်ကြီးရဲ့ ဟတ်ခ်စ်အတွက် အဆိုတော်ကြီးရဲ့ အနားက ဖြစ်နိုင်ချေများကို ဆက်စပ်စဉ်းစားပါ*

www.burmeseclassic.com

www.burmeseclassic.com

ထိုစာရွက်ပေါ်က စာသားကို ဝိုင်းကြည့်ကြရင်း သုံးယောက်စလုံး နေရာတင် ဂလည်အူကြောင်ဖြစ်သွားရပါသည်။ ထိုသုံးယောက်မှာ နှင်းလွှာ၊ ပန်းပန်နှင့် မိုးမြေတို့ပင်ဖြစ်သည်။

ထိုထဲတွင် နေဆေး မပါဝင်ဝံ။

အဘယ်ကြောင့်ဆိုသော်…

သူ၏ ခေါင်းထဲတွင် harddisk ပြန်ပေး Game နှင့် အမိကဆက်စပ်နေသော သဲလွန်စများ၏ အစ တစ်စကို အသင့်ဖမ်းဆုပ်ထားပြီးသားဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

**harddisk ပြန်ပေးကစားပွဲကို**
**ဖန်တီးသူ (အမိက)**
**တရားခံ**
**ဘယ်သူ**
**ဖြစ်နိုင်သလဲဆိုတာ…**
**သင်တို့ ခန့်မှန်းမိပါသလား?**

www.burmeseclassic.com

www.burmeseclassic.com

## (Scene: 09)

(22.1.2013)

ဆီဒိုးနားဟိုတယ်၌ အဆိုတော်နေဆေး၏ harddisk ပျောက်သည့်ကိစ္စနှင့်ပတ်သက်၍ စာနယ်ဇင်းများရှေ့တွင် နေဆေးကိုယ်တိုင် လူသိရှင်ကြား ရင်ဖွင့်ပြောကြားနေပါသည်။

ထိုပြဿနာသည် အဆိုတော်နေဆေးနှင့် သူ၏ ပရိသတ်များကြားတွင် တကယ့်အရေးပါသည့် စိတ်ဝင်စားစရာကိစ္စတစ်ရပ်ဖြစ်ပါသည်။

ထို့ကြောင့်…

ထိုသတင်းကို အမိအရ ရယူနေသည့် interviewer

www.burmeseclassic.com

www.burmeseclassic.com



များ၏ လက်ထဲကဓာတ်ပုံများကလည်း တဖျတ်ဖျတ်။

သူတို့လက်ထဲက Recorder များကလည်း အသင့်အနေအထား။

ဒီပုံဆိုလျှင် နောက်နေ့များတွင် ထွက်ရှိမည့် ဂျာနယ်များလည်း ရောင်းမလောက်ဖြစ်မှာ သေချာသည်။

စာနယ်ဇင်းရှင်းလင်းပွဲ၏ အဓိကအကြောင်းအရာက…

'အဆိုတော်နေဆေး၏ တတိယမြောက်အယ်လ်ဘမ်သည် ကြေညာထားတဲ့ရက်အမီ ထွက်ရှိနိုင်ရေးအတွက် ပျောက်ဆုံးနေသော harddisk အား ပရိသတ်က ပေးတဲ့ ခွန်အားနဲ့အတူ အဆိုတော်နေဆေးကိုယ်တိုင် နောက်ဆုံးအချိန်ထိ အစွမ်းကုန်လိုက်လံရှာဖွေနေခြင်း'

စသည့် အကြောင်းအရာများအား သူ့ပရိသတ်ကို နေဆေးက ကြိုတင်ဝန်ခံပြောကြားထားခြင်းမှာ သူ့တွင် အကြောင်းတစ်ခုခု ရှိကို ရှိရမည်။

ထိုအကြောင်းမှာ…

သူ့ပရိသတ်ကို သူ ကြိုတင်ကာဗာလုပ်ထားခြင်းလား?

ဒါမှမဟုတ်…



ကြော်ငြာထားတဲ့ရက်အမီ သူ့စီးရီးမထွက်ရှိနိုင်ပါက သူ့ပရိသတ်များက သူ့ကို စိတ်ဆိုးပေါ့အောင် ကြိုတင်ဝန်ခံထားခြင်းများလား?

ဒါကတော့…

နေဆေးကိုယ်တိုင်ပဲ အသိဆုံးဖြစ်ပါလိမ့်မည်။

သေချာသည်က…

နိုင်ငံကျော်အဆိုတော် နေဆေးတစ်ယောက် ယခုအချိန်ထိ အတိုင်းအဆမဲ့ အောင်မြင်ကျော်ကြားလာရခြင်းမှာ သူသည် သူ၏ အနုပညာနှင့် သူ့ပရိသတ်များကြားတွင် အလွှာပါးပါးလေးတောင် မခြားနားဘဲ အမြဲတမ်း အထူးအပါးနားလည်တတ်သော ဖန်တီးသူတစ်ယောက် ဖြစ်နေခြင်းကြောင့်ပင် မဟုတ်ပါလား?

✲

www.burmeseclassic.com

www.burmeseclassic.com

လူငယ်တစ်ယောက်ကို
သွက်သွက်ခါအောင် မြူစားနိုင်ဖို့
အဘယ်နတ်ဘုရားတွေက
ဘယ်လို ဘယ်ပုံ
ဖန်တီးခဲ့ပါသနည်း ?

**(Scene: 10)**

Studio X တွင် ရင်ထဲက ခံစားချက်အပြည့်နှင့် စီးမျောရင်း ဆူးခါးနေ အသံသွင်းနေပါသည်။

ယခု သူအသံသွင်းနေသော သီချင်းမှာ သူကိုယ်တိုင် ရေးစပ်သီကုံးထားသော R&B music အမျိုးအစားပင်ဖြစ်၏။

Recording အခန်းထဲမှာ မုဒ်အပြည့်ဖြင့် သီဆိုနေသော သူ့သူငယ်ချင်းကို မှန်အကြည်မှ ထွင်းဖောက်ကြည့်မြင်၍ အားပေးနေသူက ဖက်တီး။

Recording အခန်းထဲက ဆိုနေတဲ့ သီချင်းအသံ…

'ဖြောင်း… ဖြောင်း… ဖြောင်း'

www.burmeseclassic.com

www.burmeseclassic.com



ဖက်တီးက လက်ခုပ်တီးပြီး အားပေးလိုက်သည်။

သီဆိုစဉ်က နားမှာတပ်ဆင်ထားသော Head Phone နားကြပ်ကို လည်မှသိုင်း၍ အခန်းထဲကနေ ဆူးခါးနေ ပြန်ထွက်လာပါသည်။

အသံဖမ်းအင်ဂျင်နီယာနားရောက်လာပြီး သူက ပြောလိုက်သည်။

'ဒီနေ့ အသံသွင်းရတာ မှဒ်နည်းနည်းအောက်နေသလားလို့'

အသံဖမ်းဆရာက…

'တစ်ခေါက်လောက် ပြန်နားထောင်ပြီး မကြိုက်ရင် ပြန်သွင်းကြည့်မလား'

ထိုအခါ ဆူးခါးနေက ဘောင်းဘီအိတ်ကပ်ထဲက Dunhill ဆေးလိပ်ဘူးအပြာရောင်အား ထုတ်လိုက်ရင်း…

'နေဦးဗျာ… ကျွန်တော် အပြင်မှာထွက်ပြီး ဆေးလိပ်သောက်လိုက်ဦးမယ်၊ နောက်နာရီဝက်လောက်နေမှ ပြန် try ကြည့်မယ်ဗျာ'

ပြောပြောဆိုဆိုနှင့် ဖက်တီးကို ခေါ်ထုတ်ကာ studio အခန်းပြင်ဘက်သို့ ဆေးလိပ်သောက်ဖို့ ထွက်သွားလေ၏။

အပြင်အရောက် ဆူးခါးနေ၏ နှုတ်ခမ်းဝတွင်



စီးကရက်တစ်လိပ်ကို တေ့လိုက်ရင်း မီးညှိလိုက်လေ၏။

ပြီးနောက် သူသည် စီးကရက်တစ်ရှိုက်ကို တရှိုက်မက်မက် သုံးဆောင်လိုက်ရင်းက…

'ဖက်တီး… မင်းပုံစံကြည့်ရတာ ငါ့ကို တစ်ခုခုပြောချင်နေသလိုပဲ'

ဖက်တီးကိုကြည့်ပြီး သူမေးလိုက်ပါသည်။

ဖက်တီးကလည်း နောက်လှန်ဖြီးထားသော သူ၏ဆံကေသာကို တစ်ချက်သပ်တင်လိုက်ရင်းက…

'နေဆေးရဲ့ အခွေ accident ဖြစ်နေချိန်မှာ မင်း Father ကြီးက မင်းရဲ့ အခွေထုတ်ဖို့ ဘာပြောသေးလဲ'

ဆူးခါးနေကို သူမေးချင်ရာ တည့်မေးလိုက်ပါသည်။

သူ့လက်ကြားထဲက ဖွာလက်စဆေးလိပ်ကို နှစ်ဖွာ၊ သုံးဖွာ ဆင့်ရှိုက်ပြီး…

'သူငယ်ချင်း… မင်းသိထားဖို့က ဆူးခါးနေဆိုတဲ့ကောင်က ပွဲလန့်တုန်းဖျာမခင်းတတ်ဘူး'

ထိုအခါ…

ဖက်တီးက သူငယ်ချင်းဖြစ်သူ၏ အရိပ်အကဲကိုကြည့်၍ ပြောလက်စ စကားကို လျှော့ချပစ်လိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ

www.burmeseclassic.com

www.burmeseclassic.com



သူ့လောက် မငေါ်ရင်တောင်မှ ငါ့သူငယ်ချင်း မင်းရဲ့ အရည်အချင်းကို ငါယုံကြည်လို့ ဆန္ဒစောပြီး မေးလိုက်မိတာ။ အမှန်ဆို မင်းရဲ့အခွေကို ငါအရမ်းထွက်စေချင်နေပြီကွာ'

ဖင်စီခံနားကပ်သွားတဲ့ ဆေးလိပ်တိုကို မြေကြီးပေါ် နင်း၍ မရှိပြုံးဖြင့် ဆူးခါးနေက…

'တစ်ချီတည်းနဲ့ ပြာကျစေတဲ့ အဏုမြူဗုံးကို ငါ မကြိုက်ဘူး၊ တစ်ချက်ချင်းစီပစ်လွှတ်လို့ရတဲ့ မြှားဆိုလည်း ဖြစ်တယ်။ ငါ့ပရိသတ်ရင်ခွင်ထဲကို ငါ တစ်ဆင့်ချင်းစီပဲ ဖြည်းဖြည်းနဲ့ မှန်မှန်ထိုးဖောက်ချင်တယ်'

လေးနက်သော ထိုစကားကို ပြောရင်း သူသည် ဖက်တီးပခုံးကို သုံး၊ လေးချက် ဆင့်ပုတ်၍ Studio ထဲသို့ ပြန်ဝင်သွားလေ၏။

နောက်ကနေ ဖက်တီးပါ အလိုလိုလိုက်ဝင်သွားပါ သည်။

*

ပွဲလှန့်တုန်း ဖျာဝင်ခင်းရအောင်
လောကကြီးက
အလိုလို ရာသီဥတုဖောက်ပြန်နေတာမှ
မဟုတ်တာ။
တကယ်တော့
ကံကြမ္မာဆိုတာ…
သူ့အလိုလို
အကွက်စေ့
ထောင့်စေ့ဖြစ်ပြီးသား။
ကံကြမ္မာကို
အကွက်ရွှေ့ချင်တိုင်း
ရွှေ့ချင်ရင်တော့ သင်ဟာ…
သင့်ခြေလှမ်းပေါင်းများစွာကို အသံလုံအောင်
ထိန်းထားနိုင်စွမ်း ရှိရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

(Scene: 11)

'အဆိုတော် နေဆေးနဲ့ ငါတို့ဆုံတိုင်း နှင့်မျက်နှာကြီး က ဘာလို့မှာကျောနေရတာလဲ၊ ငါ ရိပ်မိတယ်နော် ပန်းပန်'

နှင်းလွှာက သူ့တစ်ပါးအတွင်းရေးကို ဝင်ရောက် စပ်စု၏။

ထိုင်နေရာက တစ်လှမ်းချင်းထလျှောက်ပြီး ပန်းပန် က သူမ၏ လက်ဆစ်များကို တဖျောက်ဖျောက်ချိုးရင်းက ပြန်ဖြေလိုက်သည်။

'ငါ့အတွက် အကြောင်းရှိလို့'

'နင်နဲ့ သူကြားမှာ ဘာကြောင်းရှိလို့လဲ၊ ငါသိခွင့် ရမလား သူငယ်ချင်း'

နှင်းလွှာက အသေးစိတ် စပ်စုပြန်သည်။

'သူကတော့ သိမယ်မထင်ဘူး၊ ငါ့ဘက်က သူ့ကို



တစ်ဖက်သတ်ကို မကျေနပ်တာပါ'

ပန်းပန်၏ မျက်လုံးများ အဝေးသို့ငေးရင်း ပြန်ပြော လိုက်သည်။

ထိုအခါမှ ပိုသိချင်သွားသော နှင်းလွှာက…

'အဲဒီမကျေနပ်ချက်က ဘာလဲ'

သူမလက်မောင်းကို ဆုပ်ကိုင်၍ ဘေးမှ ထပ်မေး ပြန်သည်။

ပန်းပန် ထိုင်ခုံဘေးတွင် ပြန်ထိုင်ချလိုက်ကာ…

'အဲဒီမကျေနပ်ချက်က ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ နောက် နောင်ဆို အောင်မြင်ကျော်ကြားတဲ့လူတွေနဲ့ ငါ ဝေးဝေးနေချင် တာပဲ သိတယ်'

'ဘာဖြစ်လို့?'

'တချို့အောင်မြင်သူတွေက အရာရာကို အောင်မြင် မှုနဲ့ ချုပ္မွားပြီး အလကားနေ ဘဝင်မြင့်တတ်လို့ပေါ့ဟာ'

သူမအပြောကို လက်မခံသင့်ဘဲ ခေါင်းကို တွင်တွင် ခါယမ်း၍ နှင်းလွှာက…

'အဲလို အလကားနေ ဘဝင်မြင့်တတ်တဲ့ အောင်မြင် တဲ့အနုပညာရှင်တွေထဲမှာတော့ နေဆေး မပါလောက်ဘူး ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ…

သူမဆီမှ နောက်ဆုံးစကားတစ်ခွန်းသည် တစ်လုံးချင်းထွက်ကျလာပါသည်။

'ကိုယ်နဲ့မဆိုင်တဲ့ အောင်မြင်မှုကို ကြောက်တဲ့ရောဂါပဲဆိုရမလား။ ငါကိုက အောင်မြင်တဲ့အနုပညာရှင်တွေနဲ့ မခင်မင်ချင်တော့တာ'

'အဲဒါ နင့်ရဲ့ဆိုက်ကိုပဲ၊ အောင်မြင်မှုကို ကြောက်တာနဲ့ ဘာမှမဆိုင်ဘူး၊ နေဆေးရဲ့ မထွက်သေးတဲ့ စီးရီး Title လိုပေါ့ဟာ၊ နင့်ရဲ့ ဆိုက်ကိုက ခေတ်ပေါ်ဗိုင်းရပ်စ်တစ်မျိုးပဲ'

ပန်းပန်အပေါ် ချမှတ်လိုက်သော နှင်းလွှာ၏ မှတ်ချက်က ထိမိလှပါသည်။

အောင်မြင်မှုကို ကြောက်တဲ့ရောဂါက အမည်တပ်၍ မရသေးပါ။ သေချာပါသည်။

ဒီကောင်မလေး ပန်းပန်တစ်ယောက် သူ့ဘာသာဆိုက်ကိုဖောက်ပြီး ခေတ်ပေါ်ဗိုင်းရပ်စ်တစ်မျိုး စွဲကပ်နေခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## (Scene: 12)

(23.1.2013)

Producerဦးဘိုမန်း၏ အိမ်မှာ ဆူးခါးနေတို့ သားအဖနှစ်ယောက်နှင့်အတူ နေဆေးနှင့် မိုးမြေပါ ဖြစ်နိုင်ချေများကို သုံးသပ်နေကြ၏။

'ဟိုကောင်မလေးနှစ်ယောက် ကားပျက်တုန်းမှာမှ ငါတို့ ကားထဲက harddisk ဘာလို့ပျောက်သွားရတာတုံး'

မိုးမြေက ပြဿနာ၏ အဖြေထွက်လာစေရန် အစဆွဲထုတ်တတ်သည်ဟု ဆိုရမည်။

သူ့ဘာသာ ဆက်စဉ်းစားရင်း တစ်ယောက်တည်း ဆက်ပြောပြန်၏။



'ပြန်ပေးအဖွဲ့က သဲလွန်စတွေ ပေးတဲ့အခါတိုင်းမှာ အဲကောင်မလေးနှစ်ယောက်နဲ့ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရတာလဲ?'

ထိုသုံးသပ်ချက်ကို မဆိုင်းမတွဘဲ နေဆေးက ကန့်ကွက်လိုက်၏။

'ပထမဦးဆုံး စပေးတဲ့ သဲလွန်စမှာတုန်းက သူတို့မရှိဘူး၊ အန်ကယ်ရယ်၊ ဆူးခါးရယ်၊ မင်းရယ်၊ ငါရယ်ပဲ ရှိနေတာလေ။ ပထမဆုံး CD ချပ်ကို ပါဆယ်နဲ့ ပို့တာ မင်းပြန်စဉ်းစားကြည့်လိုက်'

သူတို့နှစ်ဦး အပြန်အလှန်ပြောကြားချက်များကို ခေါင်း တညိတ်ညိတ်နှင့်နားထောင်ပေးနေသူက ဦးဘိုမန်း။

သူ့ဖခင်ဖြစ်သူ ဦးဘိုမန်း၏ ဘေးတွင် ထိုင်ပြီး ဆူးခါးနေကတော့ နေဆေး၏မျက်လုံးများကို စိုက်ကြည့်ရင်းက ခေါင်းခြောက်နေပုံရသည်။

သူတို့သားအဖက ခုထိ တစ်ခွန်းမှ ဝင်မပြောသေး။

နေဆေးက ဆက်ပြီး…

'နံပါတ်တစ် ငါ့ကားပေါ်က harddisk စခိုးခံရတဲ့အချိန်၊ နံပါတ်နှစ် ယာဉ်ထိန်းရဲအဖွဲ့ချင်ဟန်ဆောင်ပြီး ချလံစာရွက်နောက်မှာ သဲလွန်စပေးတဲ့ကိစ္စ၊ နံပါတ်သုံး Challange

www.burmeseclassic.com

www.burmeseclassic.com



စခေါ်တဲ့ ဗီဒီယိုပြကွက်ပါတဲ့ CD ချပ်၊ နံပါတ်လေး ဟို ကောင်လေးနှစ်ယောက်နဲ့ပတ်သက်ပြီး ATM ငွေထုတ်စက်ထဲ မှာ အလိုလိုကြိုထည့်ထားတဲ့ သဲလွန်စပေးတဲ့စာ၊ အားလုံးက အကွက်ကျကျကို ကြိုတင်စီစဉ်ထားတာ၊ ငါ့စိတ်ထင်တော့ တရားခံက တစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်၊ သုံး ယောက်ထိ သူတို့ချင်းမှာ ဆက်စပ်မှုတွေ ရှိနေတယ်'

ထိုကောက်ချက်ကို ကြားပြီးပြီးချင်း ထိုင်ရာကနေ ရုတ်တရက်ထပြီး မေးလိုက်သူက ဆူးခါးနေ။

'ဒါဆို အဓိကတရားခံက ဘယ်သူလဲ?'

သူ့မေးခွန်း သူ့လေသံကြားရသည်မှာ...

ခပ်ဆတ်ဆတ်နိုင်လွန်းလှသည်။

ထို့ကြောင့်...

သူနဲ့အတူ လိုက်ရပ်လိုက်ပြီး သူ့ပုခုံးကို ဖက်ကာ နေဆေးက ပြန်ပြောလိုက်သည်။

'တရားခံကို အတိအကျ ဘယ်သူလဲဆိုတာ ငါမပြော နိုင်သေးပေမယ့် ခုလို ငါ့ပြဿနာမှာ ဝိုင်းပြီးစိတ်ပူပေးကြတဲ့ မင်းတို့အားလုံးကို ငါ အရမ်းကျေးဇူးတင်တယ် သူငယ်ချင်း'

'မလိုပါဘူးကွာ'

ဆူးခါးနေကလည်း ပြုံး၍ သူ့ဘက်လှည့်ပြီး ပြန်ပြော



လိုက်သည်။

ထိုအခါမှ...

တစ်လျှောက်လုံး ငြိမ်ချက်သားကောင်းနေတဲ့ ဦးဘို မန်းက နေဆေးကို...

'မင်းရဲ့ Harddisk ကို မင်းအချိန်မီ ပြန်ရှာတွေ့နိုင် မယ်ဆိုတာ Uncle ယုံကြည်ပါတယ်၊ မောင်နေဆေး မင်း လုပ်နိုင်ပါတယ်'

ဟု အဓိပ္ပာယ်ပါပါ ချပ်လိုက်၏။

နေဆေးကလည်း ဦးဘိုမန်းကို ပြန်လည်ခေါင်းညိတ် ပြလိုက်ရင်းက...

'စိတ်ချပါ အန်ကယ်၊ ကျွန်တော် ဘယ်သူ့ကိုမှ မယုံ ပေမယ့် ကျွန်တော်လုပ်နိုင်မှာပါ'

သူပြန်ပြောလိုက်တဲ့ စကားကလည်း ဦးဘိုမန်း၏ စကားထက်တောင် ပို၍အဓိပ္ပာယ်ရှိနိုင်ပါသည်။

'စိတ်ချပါ... ကျွန်တော် ဘယ်သူ့ကိုမှ မယုံပေမယ့် ကျွန်တော် လုပ်နိုင်မှာပါ'

ဆိုပဲ။

သူဘာပြောချင်တာပါလိမ့်?

www.burmeseclassic.com

www.burmeseclassic.com

*

ငါ့နောက်ကျောကို ဓားနဲ့ထိုးပြီး
ငါ့ကိုယ် သတ်ချင်တဲ့
လူယုံတချို့အတွက်
ငါ့နောက်ကျောမှာ
ငါကိုယ်တိုင်
ပစ်မှတ်ဆွဲပြီး
ဓားသွေးပေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 13)**

ထိုနေ့ညနေ။

ရန်ကင်းစင်တာ City Mart အဝင်ဝနားရှိ ဂိမ်းခွေနှင့် သီချင်းခွေများ ရောင်းချသည့်ဆိုင်တွင် လူနှစ်ဦး အမှတ်မထင် ဆုံတွေ့ကြလေ၏။

တစ်ဦးမှာ…

ယခုတလော Current ဖြစ်နေသည့် (-)ခွေကို ဝယ်ယူရန် လိုက်လံရှာဖွေချယ်နေသည့် ပန်းပန်ဆိုသော ကောင်မလေးဖြစ်သည်။

နောက်တစ်ဦးကတော့…

ဘာရယ်မဟုတ်ဘဲ ခွေဆိုင်ဘက်ရောက်တုန်းရောက်ခိုက် အရောင်းသွက် CD ခွေများကို ဝင်ရောက်လေ့လာဖြစ်တဲ့



အဆိုတော်နေဆေးပင် ဖြစ်သည်။

သူတို့နှစ်ဦးသည် အခွေရောင်းသည့်ဆိုင်၏ ငွေရှင်းကောင်တာတွင် ဆုံမိကြခြင်းဖြစ်သည်။

နေဆေးက ပန်းပန်ကို မြင်မြင်ချင်း စတင်နှုတ်ဆက်လိုက်၏။

'အခွေလာဝယ်တာလား?'

သူမ မကြားချင်ယောင်ဆောင်နေလိုက်သည်။

ပြီးနောက် ကောင်တာမှ အရောင်းဝန်ထမ်းကောင်မလေးကို ဦးတည်၍ မေးလိုက်သည်။

'ဟောဒီနှစ်ခွေယူမယ်… ဘယ်လောက်ကျသလဲရှင့်'

ခွေနှစ်ခွေ ကောင်တာပေါ်တင်ပေးလိုက်၏။

ကောင်တာမှ…

'သုံးထောင့်ခြောက်ရာပါ'

သူမ ပိုက်ဆံအိတ်ကို ဖွင့်နေချိန်မှာ ဘေးမှ နေဆေးက ကျသင့်ငွေကို ဝင်ရောက်လှရှင်းလိုက်သည်။

ထိုအခါ…

'ကျွန်မဘာသာ အခွေဝယ်တာ၊ ရှင်နဲ့ဘာဆိုင်လို့လဲ'

ပန်းပန်က ဘုဘောက်ကျကျပြော၏။

www.burmeseclassic.com

www.burmeseclassic.com



မထိတရိပြန်ပြုံးပြလိုက်ပြီး သူက…

'တစ်ချိန် အမှတ်တရဖြစ်သွားအောင် အမှတ်တမဲ့ပေးတဲ့လက်ဆောင်လို့ပဲ သဘောထားစေချင်ပါတယ်'

'တောက်'

ဘောက်ဆတ်ဆတ်ဟန်ပန်ဖြင့် သူမ သည်ကောင်တာမှ လှမ်းပေးသောခွေအိတ်ကို ယူ၍ နေရာက လှည့်ထွက်ဖို့ပြင်သည်။

ရုတ်တရက်…

သူမလက်ပေါ် နောက်ကနေ လှမ်းဆွဲလိုက်သော လက်တစ်ဖက်ကြောင့်…

'ရှင် ဒါဘာလုပ်တာလဲ? ကျွန်မလက်ကို လွှတ်ပါ'

နောက်ပြန်လှည့်၍ နေဆေးအပြုအမူကို ကြည့်ကာ သူမ ဒေါသအလိပ်လိပ်ထွက်သွားရသည်။

သူမ၏ စူးလဲ့သော မျက်ဝန်းအစုံထဲကို ရေဒါဖမ်းကြည့်ရင်း နေဆေးက…

'ကိုယ်နဲ့ဆုံတိုင်း မင်းလေးဘက်က တစ်ဖက်သတ်ဘာလို့ စိမ်းနေရတာလဲ၊ ကိုယ့်အပေါ် ဘာမကျေနပ်ချက်တွေရှိနေလို့လဲ'

သူသိချင်တာကို ရအောင်မေးလိုက်သည်။



သူ့လက်ထဲက သူမလက်ကို ဆောင့်ရုန်းလိုက်ရင်း…

''လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့အကြောင်း ကိုယ်ပဲအသိဆုံး၊ ဟုတ်တယ်ဟုတ်'

သူမက ပြတ်ရှရှပြန်ပြောလိုက်သည်။

ဘာအဓိပ္ပာယ်ပါလိမ့်?

ဘယ်တုန်းကများ သူမအပေါ် သူဘာအမှားလုပ်ခဲ့မိပါလိမ့်?

သူ နေရာမှာတင် ခေါင်းစားသွားရသည်။

ထိုအခိုက်…

'ဒုန်း'

'အင့်…'

သူ့ကို ဒေါဖောင်းပြီး ခပ်သုတ်သုတ်လှည့်ထွက်သွားသော ပန်းပန်ကို City Mart တွင် အသုံးပြုသည့် ဈေးဝယ်လက်တွန်းလှည်းတစ်စီးက ဝင်တိုက်လိုက်ခြင်းဖြစ်သည်။

အရှိန်တော်တော်ပြင်းသည်။

ထိုလက်တွန်းလှည်းကို တစ်စုံတစ်ယောက်မှ တစ်နေရာကနေ တမင်တွန်းလွှတ်လိုက်ခြင်းဖြစ်မည်။

အဘယ်ကြောင့်ဆိုသော်…

ထိုလက်တွန်းလှည်းသည် ပိုင်ရှင်မဲ့ဖြစ်တဲ့ပြင် တွန်း

www.burmeseclassic.com

www.burmeseclassic.com



လှည်းအတွင်း ဝယ်ပြီးပစ္စည်းတစ်ခုတလေမျှတောင် ရှိမနေပါ။

သူမ နေရာတွင် ခွေခွေလေးလဲကျနေ၏။

သူ…

သူမဆီ စိုးရိမ်စိတ်နှင့် ပြေးသွားလိုက်မိသည်။

အဆိုတော် နေဆေးနှင့် သူမ၏ အဖြစ်အပျက်ကို တချို့လူတွေက ကွက်ကြည့် ကွက်ကြည့်ဖြင့်…

တချို့က ဝိုင်းအုံကြည့်နေကြသည်။

သူ ဘယ်သူမှ ဂရုမစိုက်နိုင်တော့ဘဲ သူ့ပခုံးတွင် သူမ၏ လက်တစ်ဖက်ကို သိုင်းပေးပြီး ဖေးထူပေးဖို့ လုပ်သည်။

အလိုက်သင့်ပဲ သူမကလည်း သူ့အား ဆွဲဖက်၍ လဲနေရာကနေ ထရပ်ကြည့်ဖို့ ကြိုးစားကြည့်သည်။

သူ့အပေါ် စိတ်ဆိုးတာတွေ၊ မကျေနပ်တာတွေတောင် ဘယ်နားရောက်လို့ ရောက်သွားမှန်း မသိ။

လက်တွန်းလှည်းနှင့် ထိခိုက်သွားသောကြောင့် သူမ၏ ခြေသလုံးနှစ်ဖက်စလုံးတွင် နာကျင်မှုကို ခံစားနေရသေးသည်။

မထူးတော့။

သူ့ကူညီမှုကိုပဲ ရယူပြီး ဆက်တွဲ၍ စင်တာတွင်းမှ ဖြည်းဖြည်းချင်း ဆက်လျှောက်ကာ သူခေါ်ဆောင်ရာ ကား



ပါကင်ရှိ သူ့ကားနားသို့ပဲ လိုက်ပါလာခဲ့မိသည်။

ကားနားရောက်တော့ နေဆေးက…

'ကားပေါ်တက်၊ ဆေးခန်းတစ်ခုခုသွားကြမယ်'

ဟုဆိုကာမှ…

ချက်ချင်းသတိဝင်သွားပြီး သိုင်းဖက်ထားသော သူ့ပခုံးပေါ်မှ လက်ကို ဖယ်ရှားကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

'ကျွန်မ ဘာပဲဖြစ်ဖြစ် ဘယ်ဆေးခန်းမှ မသွားဘူး၊ ကျွန်မကို ဒီအတိုင်းပစ်ထားပြီး ရှင်သွားတော့၊ ရှင်နဲ့မဆိုင်ဘူး'

ပြန်အော်ပြောလိုက်သော သူမ၏ အော်သံအဆုံး ခေါက်ခနဲ ပြန်ခွေကျတော့မည့် သူမ၏ အရှိန်အား သူပဲ ပြန်ဝင်ထိန်းလိုက်ရပြန်သည်။

ထို့နောက်မှာတော့…

ကလန်ကဆန် အော်မိအော်ရာတွေ တရစပ်အော်ရင်းက ကောင်မလေးတစ်ယောက် နေဆေး၏လက်တစ်စုံပေါ်တွင် ကန့်လန့်ဖြတ်ပွေ့ချီခြင်းကို ခံလိုက်ရပါပြီ။ ပြီးနောက်…

'ချလောက်'

ကားတံခါးလော့ခ်ကို ကားတွင်းမှ ပြန်ပိတ်သံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပန်ဆိုသော ကောင်မလေးတစ်ယောက် ဘယ်ကိုမှ ကန်ကျောက်၍ ထွက်ပြေးလို့မရတော့ပါ။ ဘာဆိုဘာမှလည်း ထုချေလွှာပေး၍ မရတော့ပါ။

နာကျင်နေသော ခြေသလုံးနှစ်ဖက်ကို ပွတ်သပ်လိုက်၊ ကားမောင်းနေသော သူ့ကို မျက်စောင်းထိုးလိုက်၊ ကိုရီးယားမလေးတွေလို ပါးစပ်က ပွစိပွစိပြောရင်း ဒေါသထွက်သည့်ပုံစံမျိုးနှင့်သာ သူခေါ်ဆောင်ရာသို့ လိုက်ပါလာရလေတော့သည်။

*

SSC တွင် ပန်းပန်၏ ခြေထောက်ကို ဆေးကုသမှုခံယူရန်အတွက် သူမကို သူ ဘေးကတွဲ၍ information centre ဘက်သို့ ဦးတည်လာခဲ့သည်။

အဆိုတော် နေဆေးနှင့် သူ့ဘေးက ကောင်မလေးကို ဘာဘာညာညာအထင်ဖြင့် တွေ့သမျှလူတိုင်းက တစေ့တစောင်း ငေးကြည့်သွားကြသည်။

သူမနှင့် သူ့ကို ယခုလိုအခြေအနေမျိုးမှာ လူတွေဘယ်လိုထင်ထင် သူဂရုမစိုက်ပါ။

Information ကောင်တာတွင် အရိုးအကြောဆရာဝန်နှင့် ဆေးပြရန်အတွက် စုံစမ်းလိုက်သည်။

သူမကို သူ ဂရုတစိုက်ဖြစ်နေပုံမှာ နည်းနည်းအိုဗာကျသလို ခံစားလာရ၏။

သို့သော်...

သူမစိတ်ထဲတွင် စိုးရွံ့သလိုလို၊ သူလိုလူ၏ အရေး

www.burmeseclassic.com

www.burmeseclassic.com



ပေးပုံများကြောင့် ကြည်နူးသလိုလိုတော့ ခံစားရပါသည်။

ထိုသို့ဖြင့်...

အရိုးနှင့် အကြောဆရာဝန်ဖြင့် ပြသရန် အခန်း တစ်ခန်းရှေ့တွင် သူမနှင့် သူ ထိုင်ပြီး စောင့်ဆိုင်းနေသခိုက်...

မလှမ်းမကမ်း လျှောက်လမ်းဆီမှ တရွေ့ရွေ့လိမ့်လာသော ဘီးချဲပေါ်က လူကို နေဆေး သတိထားမိလိုက်သည်။

ဘီးချဲပေါ်ကနေ သူတို့ကို လက်လှမ်းပြနေသည့် ထိုလူ၏ မျက်နှာပေါ်တွင် တပ်ဆင်ထားသည်မှာ နေဆေးကိုယ်တိုင် တွေ့ခဲ့ဖူးသော TV ပြကွက်ပေါ်က ပြန်ပေးသမား၏ မျက်နှာဖုံးနှင့် တစ်ပုံစံတည်း။ တစ်ထေရာတည်း။

သူ ပန်းပန်ကို နေရာမှာတင် request လုပ်ကာ...

'ပန်းပန်... ခဏလေးထိုင်စောင့်နော်၊ ကိုယ် ပြသနာလေးတစ်ခုပေါ်လာလို့၊ ချက်ချင်းပြန်လာခဲ့မယ်'

ထိုင်နေရာကနေ သူ ထလိုက်မိသည်။

ရုတ်တရက်ဆိုသလို ပြေးလိုက်ရင်းက သူ မျက်ခြည် ပြတ်သလို ဖြစ်သွားရသည်။

ကိုယ်တိုင်တွန်း ဘီးချဲပေါ်မှ ပြန်ပေးသမားက ပါးရေ နပ်ရေရှိပုံပေါ်၏။

ဆေးရုံနံရံ၏ အခြားတစ်ဖက်တွင် လုံးဝစုံးစုံးမြုပ်



အောင် ပျောက်ကွယ်သွားလေသည်။

'တောက်'

နေဆေးမျက်စိအောက်တွင်ပင် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသောကြောင့် ကိုယ့်ကိုယ်ကိုယ် ဒေါသပုံ ထမိ၏။

ဘာဖြစ်ဖြစ်...

ထိုနေရာကနေ အနီးအနားအနှံ့ သူခေါင်းတောက် အောင် လိုက်ရှာမိသေးသည်။

မတွေ့။

ဘာအစအနမှ ရှာမတွေ့။

သို့သော်...

ဆေးရုံအပြင် ကားပါကင်ရှိ ရပ်ထားသော ကားများ ကြားတွင် ကားတစ်စီးစာ ကွက်လပ်တစ်ခုဖြစ်နေသည်။

ထိုမြေကွက်လပ်တွင် အမှတ်တမဲ့ သူတွေ့လိုက်ရ သည်က လူမပါတဲ့ ဘီးချဲလွတ်တစ်စီး။

ထိုဘီးချဲပေါ်တွင် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ သည်က ကက်ဆက် Type Recorder တစ်လုံး။

ထို Recorder ကို သူကောက်ယူလိုက်ပြီး ချက်ချင်း

www.burmeseclassic.com

ပဲ ဖွင့်နားထောင်လိုက်တော့…

'ဘယ်လိုလဲ အဆိုတော်ကြီး၊ ဒီမှာလာပြီး ကောင်မလေးအတွက် စိတ်ပူပြီး အချိန်တွေဖြုန်းနေတာလား?'

ငယ်ငယ်တုန်းက ကလေးအရွယ်မှာ ကစားကြသလို ပေါ့ဗျာ။

ပြန်မရှာနိုင်တော့တဲ့ အဆိုတော်ကြီးရဲ့ harddisk အတွက် ဒီ Game မှာ အရှုံးပေးပါတယ်၊ ယှုံးပေးပါတယ်လို့ မီဒီယာကနေသာ အဆိုတော်ကြီးကိုယ့်တိုင် ကြေညာပေးလိုက်…

ချက်ချင်းပဲ ကျုပ်တို့ပြန်ပေးအဖွဲ့က harddisk ကို ပြန်ပို့ပေးလိုက်ပါ့မယ်။

အလျော်အစားက သိပ်မကြီးပါဘူး။

ဘာမဟုတ်တဲ့ အဆိုတော်ကြီးရဲ့ သိက္ခာကို ပရိသတ်



ရှေ့တော်မှောက်အရောက် ချကျွေးလိုက်ရုံပါပဲ။

ဒါမှလည်း အဆိုတော်ကြီးရဲ့ ဘဝနဲ့ရင်းပြီး လုပ်ထားတဲ့ သီချင်းတွေ ကြေညာတဲ့ရက်အမီ ထွက်ရှိနိုင်မှာပေါ့။

Do or Die?

အဆိုတော်ကြီးအတွက် ရွေးချယ်စရာနည်းလမ်းက ဒါပဲရှိတော့တာ မဟုတ်လား?

သေချာစဉ်းစားပါ အဆိုတော်ကြီးခင်ဗျား'

…

www.burmeseclassic.com

...

'ဒေါက်'

Type Recorder ကို သူ ခံပြင်းစွာပြန်ပိတ်လိုက်ပါသည်။

ထို့နောက်…

ပန်းပန်ကို သတိရပြီး သူအထဲပြန်ဝင်ဖို့အလုပ် သူ့အနီးတွင် သူ့အား ဝိုင်းကြည့်နေသော လူအုပ်များအကြားမှ တစ်လှမ်းချင်းထွက်ချလာသည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရပါသည်။

သူမကို သူ့ကားပေါ် ပြန်တင်ပေးပြီးနောက် သူမအိမ်ထိအရောက် ပြန်ပို့ပေးလိုက်ပါသည်။

ထိုနေ့ည…..

သူ့အိမ်သူပြန်ရောက်တော့ သူမအတွက် သူစိတ်ပူပေးရတာတစ်မျိုး၊ သူ့ harddisk အတွက် စဉ်းစားရတာတစ်မျိုးဖြင့် ညလုံးပေါက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

(Scene: 14)

'ငါကတော့ အဲဒီပန်းပန်ဆိုတဲ့ ကောင်မလေးကို လုံးဝ လုံးဝမသက်ဘူး'

'ငါကတော့ သူ့ကို ကြည့်ရင်း ကြည့်ရင်းကြွေနေမိပြီကွာ'

'ဘယ်လို… မင်းက သူ့ကို…'

'အခွင့်အရေးရတာနဲ့ ငါ ရည်းစားစကားဖွင့်ပြောတော့မယ်'

မိုးမြေတစ်ယောက် ပါးစပ်အဟောင်းသားဖြင့် သူ့သူငယ်ချင်း နေဆေးအတွက် အံ့ဩယူရသည်။

'မင်းကတော့ကွာ… မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်တော့မယ်၊ ငါမြင်ယောင်သေးတယ်'



နေဆေးက…

'မြွေပွေးဆိုရင်တောင် သူက ငါ့အတွက် အဆိပ်အတောက်နည်းတဲ့ မြွေပွေးမလေးပဲ ဖြစ်မှာပါ'

နေဆေးအဖြစ်သည်းပုံကို ကြည့်ပြီး သူမျက်လုံးပြူးသွားရသည်။

'ပန်းပန်ကို မင်းယုံလို့လား'

'ပန်းပန်မှ မဟုတ်ဘူး၊ ဒီလောကကြီးမှာ ငါကလွဲပြီး ငါ့ကိုယ်ငါတောင် မယုံဘူး'

သူ့စကားက ဒဿနဆန်လွန်းလှ၏။

မိုးမြေကတော့ သူ့သူငယ်ချင်း၏ harddisk အမြန်ဆုံးပြန်လည်ရရှိရေးအတွက်ပင် စိတ်ပူပေးနေရှာသည်။

'ငါမေးနေတာက ခုအချိန်ထိ ငါတွက်ချက်မိသလောက် ပန်းပန်ဟာ harddisk ပြန်ပေးအဖွဲ့နဲ့ လုံးဝပတ်သက်မှုရှိရမယ်။ ရှိခဲ့ရင် ပန်းပန်က မင်းရဲ့ရန်သူပဲ၊ မင်းဘယ်လိုလုပ်မလဲ သူငယ်ချင်း'

ထိုစကားကိုကြားပြီး နေဆေး မက်မက်စက်စက် ရယ်ချလိုက်သည်။ ပြီးနောက်…

'သူက ငါ့ရန်သူဆိုရင်လည်း ဘာဖြစ်လဲ၊ သူ့ကို ငါ ချစ်နေပြီပဲ၊ အဲတော့ အမြန်ဆုံးဖွင့်ပြောပြီး သူ့အချစ်သာ

www.burmeseclassic.com

www.burmeseclassic.com



ငါရကြည့်လိုက် harddisk ပြန်ပေးအဖွဲ့နဲ့ သူ တကယ်ပတ်သက်မှုရှိမယ်ဆို harddisk အကြောင်းပါ၊ သူ့ဆီက ငါ သိရပြီပေါ့'

'မင်းဆိုလိုတာက တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ သဘောပေါ့'

သူ့ပခုံးနှစ်ဖက်အား အလိုလိုတွန့်လိုက်ပြီး...

'တရားဝင်ချစ်သူတစ်ယောက်နဲ့ ငါ့ harddisk ကို တရားဝင်ပြန်ရဖို့အချိန် သိပ်မလိုတော့ဘူး၊ တစ်ခါတစ်ခါကျရင် လူတိုင်းအလွယ်တကူမြင်တတ်တဲ့ ထောင့်ကနေ ပြောင်းပြန်လှန်ပြီး ကြည့်တတ်ရတယ်'

'မင်းစကားကို ငါနားမလည်ဘူး'

မိုးမြေ သူ့ခေါင်းသူ စိတ်ရှိလက်ရှိ ကုတ်နေမိသည်။

နေဆေးက...

'အမှန်တော့ ပန်းပန်က အဓိကတရားခံမဖြစ်နိုင်ဘူး၊ ဖြစ်ခြင်းဖြစ် တစ်စွန်းတစ်စပဲ ပတ်သက်ချင် ပတ်သက်နေနိုင်တယ်၊ သူ ငါ့ကို မကျေနပ်တာကလည်း သတ်သတ် အကြောင်းအရာရှိချင် ရှိမှာပေါ့ကွာ၊ တကယ်တမ်းကျတော့ တရားခံတွေက သတ်သတ်'

သူ့ခေါင်းထဲမှာ သေချာတွက်ချက်ပြီးမှ မိုးမြေကို



ထိုစကားဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

မိုးမြေက သိချင်ဇောဖြင့်...

'တကယ်တမ်း အဓိကတရားခံတွေက ဘယ်သူတွေလဲ'

ဟု မေးလိုက်ပါသည်။

ထိုအခါ နေဆေးက သူသိထားသမျှ ဖွင့်ချပြတော့မည့်ဟန်ဖြင့်...

'ဒါကတော့ မကြာခင် ရုပ်လုံးပေါ်လာတော့မှာပါ၊ ဘယ်သူတွေလဲဆိုတာကတော့ စောင့်ကြည့်လိုက်ပေါ့ကွာ'

အဟုတ်ကြီးထင်ပြီး မိုးမြေတစ်ယောက် နေရာမှာတင် သက်ပြင်းရှည်ကြီးချသွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

✲

လောကမှာ

အပေါင်းအသင်းဆိုတာ

မရှိဘူး။

အပေါင်းအနုတ်ပဲ

ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 15)**

လာမယ့် ၂၇ ရက်နေ့တွင် ကျရောက်မယ့် သူမ၏ မွေးနေ့ပွဲကို လာဖြစ်အောင်လာရန် သူငယ်ချင်းများကို ပန်းပန်က ဖိတ်ကြားနေပါသည်။

သူမတို့ မြို့ထဲက ကော်ဖီဆိုင်တစ်ဆိုင်တွင် ထိုင်ပြီး လေကန်နေကြခြင်းဖြစ်သည်။

ဒီနေ့ လူစုံသည်။

သူမအားတွင် သူငယ်ချင်းအရင်းခေါက်ခေါက်ဖြစ်သူ နှင်းလွှာလည်း ပါသည်။

နှင်းလွှာက…

'ဘယ်သူတွေလာလာ မလာလာ ငါကတော့ ပန်းပန်ရဲ့ birthday ပါတီကို ထိပ်ဆုံးက ရောက်အောင်လာခဲ့မယ်'



'ငါလည်းလာမှာပေါ့'

'ငါက နင်တို့အားလုံးထက်တောင် စောဦးမယ်'

တစ်ယောက်တစ်ပေါက် လုယက်ပြောနေကြပုံမှာ ကိုရီးယားဇာတ်ဝင်ခန်း ရှုံးလောက်သည်။

ဒီကြားထဲမှာ ဖောက်ပြီး နှင်းလွှာက…

'နင့်မွေးနေ့ကိုလာဖို့ အဆိုတော်နေဆေးနဲ့ မိုးမြေတို့ရော နင်မဖိတ်ဘူးလား သူငယ်ချင်း'

ပန်းပန်က ကော်ဖီတစ်ကျိုက်မော့လိုက်ရင်းက…

'ငါကဖိတ်ရင်ကော… ငါ့လို သာမန်ကောင်မလေး တစ်ယောက်ရဲ့ မွေးနေ့ကို သူတက်ပါ့မလားဟ'

ဘာရယ်ကြောင့် မသိ။ သူမ မယုံရဲစွာ ပြန်မေးမိလိုက်သည်။

ထိုအခါ နှင်းလွှာက ဗိုင်နိုင်သောအပြုံးဖြင့်…

'နင့်ကိုယ်နင် သာမန်မိန်းကလေးလို့ နင်ကသာ ခံယူထားတာ၊ သူ့အတွက်တော့ နင်ဟာ သာမန်ထက်ပိုနေခဲ့ရင် နင့်မွေးနေ့ကို သူဆက်ဆက်လာမှာပါ၊ ဖိတ်မှာသာ ဖိတ်လိုက်စမ်းပါဟာ'

အမှန်တော့…

နှင်းလွှာမပြောခင်ကတည်းက သူ့ကို သူမ မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



ချက်အပြည့်နှင့် ဖိတ်ကြားခဲ့သင့်ပါသည်။

သူလာတာ မလာတာတော့ သူ့အပိုင်းပေါ့လေ။

ထိုသို့ သူမ၏အတွေးများ ကစဉ့်ကလျားဖြစ်နေခိုက် သူမတို့ဝိုင်းဆီသို့ ဆူးခါးနေတစ်ယောက် ဦးတည်ရောက်ရှိလာပါသည်။

ပြီးနောက်…

ဆူးခါးနေက နှင်းလွှာဘေးတွင် ဝင်ထိုင်လိုက်ပါ၏။

ဟုတ်ပါသည်။

သူတို့ပုံစံကြည့်ရတာ သူတို့ချင်း ရင်းနှီးရုံမျှမက အမှန်တော့ နှင်းလွှာနှင့် ဆူးခါးနေဆိုသည်မှာ သမီးရည်းစားဘဝကို အတိအလင်းခံယူထားကြသူများဖြစ်သည်။

ထို့ကြောင့်…

တစ်ခါတည်း နှင်းလွှာ၏ ချစ်သူဆူးခါးနေကိုပါ သူမမွေးနေ့ပွဲကို မဖြစ်မနေလာရန်အတွက် ဖိတ်ကြားလိုက်ပါသည်။

✲

မော်ဆရာတစ်ယောက်ရဲ့ သန္နိဋ္ဌာန်လိုပဲ။
ငါ့ချစ်ခြင်းမေတ္တာဟာ
အရာအားလုံးကို အောင်နိုင်စေတယ်။

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 16)**

'ဒီတစ်ရက်၊ နှစ်ရက်မှ မင်းရဲ့ harddisk ကို ပြန်မရရင် အားလုံးလျှော့ပစ်ဖို့ပဲ ရှိတော့တယ် မောင်နေဆေး'

ဦးဘိုမန်းဘက်က စပြောလာသည်။

နေဆေးကတော့ လက်ကလေးပိုက်၍ ပြောသမျှ နားထောင်ပေးနေ၏။

ဦးဘိုမန်း သုံးစွဲထားသော အရင်းအနှီးတွေက များပြားလွန်းတယ် မဟုတ်လား။

အခွေထွက်မယ့် Planတွေ၊ ထိုနေ့ မွေးနေ့ရှိုးအတွက် ပါမစ်လိုက်ထားတဲ့ကိစ္စတွေ၊ ဆက်တင်အခမ်းအနားစရိတ်စက အားလုံးအတွက် သုံးထားတဲ့ငွေကြေးက အတော့်ကိုလက်လွန်ထားကြောင်း သူအသိဆုံးဖြစ်သည်။



ထို့ကြောင့် ဝန်ခံတဲ့အနေနှင့် နေဆေးက…

'ဒီကိစ္စတစ်ခုလုံးဖြစ်လာတဲ့ အဓိကတရားခံက ကျွန်တော့်ကြောင့်ပါပဲ'

'ပြဿနာကိုမလိုချင်ဘူး၊ ပုစ္ဆာတစ်ပုဒ်ထက် အန်ကယ်လိုချင်တာက ထွက်လာမယ့်အဖြေပဲ'

ဦးဘိုမန်းဘက်က အခြေအနေအနည်းငယ်တင်းမာနေပါသည်။

နေဆေးကို ဖိအားပေးနေလေ၏။ ဆက်ပြီး…

'တကယ်လို့များ မင်း harddisk ကို လုံးဝရှာမတွေ့ခဲ့ရင် မင်းရော အန်ကယ်ရော လုံးဝဥွမ်းပြီနော်'

ထိုစကားအား သူသိပါတယ်ဆိုတဲ့ပုံဖြင့် နေဆေးခေါင်းညိတ်နားထောင်နေလိုက်သည်။

'ငါ့ဥွမ်းတာက ငွေရေးကြေးရေးအရ ဆုံးရှုံးတာ၊ ပြန်ရှာလို့ရတယ်၊ မင်းဆုံးရှုံးရမှာက မင်းပရိသတ်ကို မလေးစားသလိုဖြစ်သွားမှာ မင်းစဥ်းစား'

'ကျွန်တော့်ပရိသတ်ကို ကျွန်တော်ချစ်ပါတယ်'

'အေး… မင်းရဲ့ပရိသတ်တွေကလည်း မင်းဝန်ခံချက်အရ မင်းပေါ့ဆလို့ ဖြစ်ရတာဆိုပြီး ခုချိန်မှာ မင်းအတွက် စိတ်မကောင်းတာက သတ်သတ်၊ စိတ်ဝင်စားတာက သတ်

www.burmeseclassic.com

www.burmeseclassic.com



သတ်၊ စိတ်မရှည်သူတွေလည်း သတ်သတ်ရှိချင် ရှိနေမှာကွ'

ထိုမှတ်ချက်ကို ကြားပြီး နေဆေးက…

'ဘယ်လိုပဲဖြစ်ဖြစ် စိတ်ဝင်စားနေပြီဆိုကတည်းက ဝမ်းသာစရာပဲပေါ့၊ တကယ်လို့များသာ နေဆေးက သူ့ပရိသတ်ကို ပြောပြီးသားစကား ကတိတည်ကြောင်း သက်သေပြနိုင်ခဲ့ရင် ကျွန်တော့်ရဲ့ ခေတ်ပေါ်မိုင်းရပ်စ်ခွေဟာ ဘာဖြစ်သွားနိုင်သလဲ အန်ကယ်ပဲစဉ်းစားကြည့်'

ထိုအခါ ဦးဘိုမန်း၏ မျက်ဝန်းအစုံသည် ရုတ်ခြည်း ပြောင်းလဲသွားပါသည်။

ဘာကြောင့်ဆိုလျှင် နေဆေး၏ ပြောစကားထဲတွင် သူ၏ကိုယ်ကျိုးအတွက် အမိပ္ပာယ်များစွာ ကိန်းအောင်းနေသောကြောင့် ဖြစ်လေ၏။

ထိုအမိပ္ပာယ်များက အားလုံးအတွက် စဉ်းစားစရာ…?

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 17)**

နေဆေးအိမ်မှာ နှစ်ယောက်သား ခေါင်းကုတ်ပြီး ပုစ္ဆာကို အိကွေးရှင်းချကြည့်နေကြသည်။

'မင်းပြောတော့ အဖြေက ထွက်တော့မယ်ဆို'

'အဖြေက ငါ့စိတ်တွက်နဲ့ သေချာတာ၊ ဘယ်သူလဲ ဘယ်လိုရအောင် ပြန်လုပ်မလဲဆိုတာကတော့ စားနေဆဲပဲလေ'

နေဆေး တကယ့်ကို ခေါင်းစားနေရပါသည်။

ဘေးမှ မိုးမြေက…

'မင်းအတွက် ငါဘာလုပ်ပေးနိုင်မလဲ သူငယ်ချင်း'

နေဆေးအတွက် သူက သူငယ်ချင်းကောင်းပီသပါသည်။



ဘာဖြစ်ဖြစ် အချိန်မရွေး ဘေးမှာ ရှိနေပေးသည်။

နေဆေးက…

'လောလောဆယ် ငါ့အပေါ်မှာ ရောက်နေတဲ့ဖိအားတွေကို ငါတွန်းကန်ပြီး ထွက်သွားချင်တယ်ကွာ'

သူက စကားအဖြစ် ပြောလိုက်ခြင်းသာဖြစ်မည်။

မိုးမြေ သူ့အကြောင်း ကောင်းကောင်းသိပါသည်။

နေဆေးဆိုသည်မှာ အရာရာကို အလွယ်တကူနှင့် အလျှော့ပေးတတ်သူ မဟုတ်။

ဖောင်ဖျက်လိုက်လျှင်တောင် ကုန်းကြောင်းတက်ပြီး တိုက်တတ်သော သူရဲကောင်းတစ်ယောက်လို စိတ်ဓာတ်မျိုး နေဆေးတွင် အပြည့်ရှိသည်။

ထို့ကြောင့်…

အားဆေးတစ်ခွက်လို နေဆေးအတွက် အားပေးစကားတစ်ခွန်း တိုက်ကျွေးလိုက်၏။

'လောလောဆယ် ခေါင်းခြောက်ခံမနေနဲ့တော့၊ မင်းဆီမှာ အခု ဘာမှမရှိတော့ရင်တောင်မှ အချစ်ဆိုတဲ့ ခွန်အားတစ်ခု ရှိနေသေးတာပဲ'

နေဆေးမျက်ဝန်းများ 'တောက်'သွားရသည်။

'ဟုတ်တယ်၊ ငါ့ရဲ့ အကောင်းဆုံးထွက်ပေါက်က

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အချစ်ဆိုတဲ့ ခွန်အားပဲ၊ သူ့ကို ငါ အမြန်ဆုံးရှင်ဖွင့်မှဖြစ်မယ်'

ဟုလည်း သူ့စိတ်ထဲက တင်းပြည့်ကျပ်ပြည့် ယုံကြည်ချက်ဖြင့် တွေးနေမိသည်။

ထိုအခိုက်…

ခြံရှေ့ လူခေါ်ခေါင်းလောင်းမှ Bell မြည်သံထွက်ပေါ်လာ၍ နေဆေးကိုယ်တိုင် အိမ်ရှေ့ထွက်ကြည့်လိုက်၏။

နောက်ကနေ မိုးမြေလည်း ပါလာပါသည်။

ခြံတံခါးဝနားရောက်တော့ မီတာဖတ်သည့် ဝန်ထမ်းတစ်ယောက်ကို တွေ့လိုက်ရ၏။

နေဆေးက ခါးထောက်ရပ်ကာ ခြံအတွင်းမှ…

'သြော်… မီတာလာဖတ်တာ ထင်တယ်၊ ခါတိုင်းလိုပဲ စာရွက်ကို တံခါးကြားညှပ်ခဲ့လေဗျာ'

ထိုအခါ မီတာဝန်ထမ်းက တစ်စုံတစ်ရာကို လက်ညှိုးထိုးညွှန်ပြလိုက်ပြီး…

'ဟိုမှာလည်း စာပို့သမားလာပို့သွားတာ ထင်တယ်ဗျ၊ စာတစ်စောင်နဲ့ ဖိတ်စာတစ်စောင် ညှပ်ထားတာ၊ အိမ်ရှင်တွေ မတွေ့မှာစိုးလို့ တစ်ခါတည်း ဘဲလ်တီးခေါ်လိုက်တာ'

သူညွှန်ပြသော ခြံတံခါးတွင် ညှပ်ထားသည့် အရာအား နေဆေးသွားယူကြည့်လိုက်သည်။



မိုးမြေကလည်း မီတာဝန်ထမ်းကမ်းပေးသော စာရွက်ကို လှမ်းယူလိုက်သည်။

ပြီးနောက်…

လက်ထဲမှ စာအိတ်နဲ့ ဖိတ်စာကို စိတ်ဝင်စားစွာကြည့်ရင်း သူတို့နှစ်ဦး အိမ်ထဲပြန်ဝင်သွားကြသည်။

'သေချာကြည့်နော်'

'ဘာထူးခြားလို့လဲ'

စာအိတ်ပေါ်က လက်ရေးကို မိုးမြေ မြင်သာအောင် ထောက်ပြလိုက်သည်။

'ငါတို့ကို ပါဆယ်ထုပ်နဲ့ သဲလွန်စပေးတုန်းက လက်ရေးပဲ'

မိုးမြေက သေချာစူးစူးစိုက်စိုက်ကြည့်မိသည်။

'အတွင်းမှာ ဘာရေးထားလဲ သိရအောင် အမြန်ဖွင့်ကြည့်လိုက်လေကွာ'

'ဒါဆို ရော့… ဒီဖိတ်စာ ခဏကိုင်ထား'

နေဆေးလက်ထဲတွင် ကိုင်ဆောင်ထားသော အရာနှစ်ခုအနက် ဖိတ်စာကို မိုးမြေလက်ထဲသို့ ခဏပေးကိုင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်…

'ဗြိ…'

သူ့လက်ထဲမှ စာအိတ်ထိပ်ပိုင်းစကို ဖြဲဆုတ်ပြီး ဖွင့်ချလိုက်သည်။ အထဲမှ ခေါက်ထားသောစာတစ်စောင် ထွက်ကျလာ၏။ စာရွက်ကို ဖြန့်ကြည့်လိုက်သောအခါ…

**Harddisk ပြန်ပေး Game ရဲ့**
**နောက်ဆုံးသဲလွန်စ**

*အဆိုတော်ကြီးရဲ့ အနားက အခမ်းအနားတစ်ခုမှာ အဆိုတော်ကြီးရဲ့ Harddisk ကို ဝှက်ထားပါတယ်။*

ဒါဟာ…

အဆိုတော်ကြီးရဲ့ **Harddisk** ကို ပြန်ရဖို့အတွက် နောက်ဆုံးအခွင့်အရေးတစ်ခုပဲ ဖြစ်ပါတယ်။

ပုံ/ ပြန်ပေးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

စာထဲကအကြောင်းအရာကို ဖတ်ပြီးပြီးချင်း နေဆေးသည် မိုးမြေလက်ထဲက ဖိတ်စာကို ဆွဲယူပြီး ချက်ချင်းဖွင့်ကြည့်လိုက်သည်။

အတွင်းဖိတ်စာ ကာဗာပေါ်တွင် ရိုက်နှိပ်ထားသည်ကို မြင်လိုက်ရပြီးနောက် နှစ်ဦးသား ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ယခု ဖြစ်စဉ်တစ်လျှောက်လုံးတွင် မိုးမြေသုံးသပ်သည့်အတိုင်း နောက်ဆုံး၌ ကွက်တိလာဖြစ်နေသည်။

ထိုဖိတ်စာက Celebrity များကိုသာ ရွေးချယ်ဖိတ်ကြားတတ်သော အခြားပွဲတက်ဖိတ်ကြားလွှာမျိုးတွေလိုမဟုတ်။

ပန်းပန်ဆိုသော ကောင်မလေး၏ မွေးနေ့ပါတီအခမ်းအနားကို မပျက်မကွက်တက်ရောက်စေချင်ကြောင်း နေဆေးနှင့် မိုးမြေတို့သူငယ်ချင်းနှစ်ဦးစလုံးကို ဖိတ်ကြားထားသည့်



ဖိတ်စာပင်။

ဒါဟာ တိုက်ဆိုက်မှုတစ်ခုပဲလို့ ဆိုရဦးမည်လား?

ပြန်ပေးအဖွဲ့ ပေးပို့သော နောက်ဆုံးသဲလွန်စ၏ ဆိုလိုရင်းနှင့် တစ်ထပ်တည်းဖြစ်နေလေသည်။ ထို့အပြင် တစ်နေ့တည်းမှာ ပူးတွဲရောက်ရှိနေသည်ကိုက သံသယဝင်စရာအတိ။

'အဆိုတော်ကြီးရဲ့ အနားက အခမ်းအနားတစ်ခုမှာ အဆိုတော်ကြီးရဲ့ harddisk ကို ဝှက်ထားပါတယ်'

ဆိုတာနှင့် လုံးဝအံဝင်ခွင်ကျဖြစ်တာ မရှိ။

ဒီပုံဆိုရင်…

ကိုနိုးသေပေါက်ပန်းပန်ဆိုသော ကောင်မလေးသည် သူ့အတွက် လုံးဝ danger ဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

✲

ငါ့ရင်ဘတ်ကိုမှ
လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်ခဲ့တဲ့
လူသတ်သမလေးရေ...
ငါ့နှလုံးသားကို
တစ်ချီတည်းနဲ့ အလဲမထိုးလိုက်ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 18)**

ထိုနေ့ညဘက်။

ခြံစည်းရိုးတစ်ခုကို စည်းခြား၍ ကောင်လေးနှင့် ကောင်မလေးတို့သည် စကားပြောနေကြသည်။

ကောင်လေးဖြစ်သူသည် ခြံပြင်တွင် မတ်တတ်ရပ်၍ ကောင်မလေးဖြစ်သူ ပန်းပန်က သူမအိမ်တွင်း ခြံထဲကနေ ပြန်ပြောနေခြင်းဖြစ်သည်။

'ကိုယ့်ကို တစ်ယောက်မှမဆုတ်ဆံဖူးတဲ့ အပြုအမူလေးတွေကြောင့်ထင်တယ်၊ မင်းနဲ့ကျမှ ကိုယ့်နှလုံးသားလေး ကြွေဆင်းသွားရတာပါ'

သူမ၏ မျက်ဝန်းလေးများကို ဆိုင်ကြည့်ရင်း ရင်ထဲက လာတဲ့ ခံစားချက်အတိုင်း သူ ဟောဟောဒိုင်းဒိုင်းပြောနေခြင်းပင်။



သူမက မချိုပြုံးဖြင့် ပြန်လှောင်ကာ…

'ဘာလဲ? ရှင့်ဘဝမှာ အီစီကလီရိုက်ခဲ့ဖူးတဲ့ မိန်းမတွေလိုပဲ ပန်းပန်ကို လာပြီး အပျော်တမ်း ရည်းစားစကားလာပြောနေတာလား?'

သူ၏ လေးနက်မှုကို သူမက ပြန်လည်သရော်လိုက်သည်။

ထိုအခါ…

နေဆေးက ပိုမိုတည်ကြည်သောလေသံဖြင့်…

'မင်း ကိုယ့်အပေါ်မှာ ဘာနာကြည်းချက်တွေပဲ ရှိခဲ့ရှိခဲ့ ဘာတွေပဲ လုပ်ခဲ့လုပ်ခဲ့ကွာ၊ ခွင့်လွှတ်နိုင်တယ်၊ အရေးကြီးဆုံးက မင်းဆီက ပြန်လာမယ့်အဖြေလေးပဲ ကိုယ်လိုတယ်'

'နေစမ်းပါဦး… ပန်းပန်က ခွင့်လွှတ်ရအောင် နာကြည်းစရာတွေကို ဘယ်သူစလုပ်ခဲ့တာလဲ'

ထိုစကားကိုကြားပြီး တစ်ခဏအတွင်း သူ တွေဝေသွားရသည်။

သူ…

သူမအပေါ် ဘာအမှားများ လုပ်ခဲ့မိပါလိမ့်။

သူ့စိတ်ထဲက သိချင်သွားရသည်။

သို့သော်…

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ပြန်မေးလိုက်လျှင် ဆိုလိုရင်းကို မရောက်လိုက်ဘဲ အားလုံးဝေ့ဝိုက်သွားနိုင်သည်။

ထို့ကြောင့်…

'ဘယ်သူပဲမှားမှား ဘယ်သူပဲမှန်မှန်ကွာ၊ သေချာတာကတော့ မင်းလေးကို တကယ်မြတ်မြတ်နိုးနိုးချစ်မိသွားတယ်ဆိုတာပဲ'

ခဏခဏကြားနေရသော သူ၏ ချစ်တယ်ဆိုတဲ့ စကားလုံးကြားမှာ သူမ၏ မျက်နှာတစ်ပြင်လုံး ရွှေရဲနေပါသည်။

ခြံအပြင်ဘက်ရှိ ဝိုးတဝါးမီးရောင်ကြောင့်မို့ သိပ်တော့ မပြတ်သားပါ။

နေဆေးကလည်း ဖွဲ့နပဲကြီးသူဖြစ်သည်။

သူမဆီက တစ်စုံတစ်ရာမသိရမချင်း ပြန်မည့်ပုံမပေါ်။

'ကဲ… ဒါဆိုရင် ဒီလိုလုပ်၊ ပန်းပန်ဆီက အဖြေကိုလိုချင်ရင် မွေးနေ့ကို ရှင်ဆက်ဆက်လာခဲ့၊ အားလုံးရှေ့မှာ အဖြေပေးမယ်၊ ဘယ်လိုလဲ'

'သေချာတယ်နော်၊ ကတိ'

သူ့ရင်ထဲက လှိုက်ဖိုစွာပြန်မေးလိုက်သည်။



ပန်းပန်က အဓိပ္ပာယ်ပါပါ ပြန်ကြည့်ရင်း…

'ရှင့်အတွက် အဖြေဟာ နှစ်ခုတော့ဖြစ်နိုင်တယ်'

သူပြန်လည်ရင်ပူသွားရသည်။

သူမက ဆက်ပြီး…

'ပန်းပန်မွေးနေ့ကျရင် ဘာပဲဖြစ်ဖြစ် ရှင် ရင်ဆိုင်နိုင်အောင် ကြိုးစားထားပါ'

ပြောပြီးပြီးချင်း သူမ သူ့ကို ကျောခိုင်းကာ အိမ်ထဲပြန်ဝင်သွားလေသည်။

ထိုနေ့ညက သူ့ရင်ထဲမှာ ဗလောင်ဆူပြီး ပြန်သာသွားရလေ၏။

သူ့အတွက် သူမ၏ စကားလေးတစ်ခွန်းက ပျော်စရာဖြစ်လာမှာလား?

ဝမ်းနည်းကြေကွဲစရာလား?

သူ၏ရှေ့ရေးနှင့် အချစ်ရေးက လတ်တလော ဘာဆိုဘာမှမကျိန်းသေသေး။

ပျောက်ဆုံးနေသော harddisk နှင့် သူလိုက်လံရှာဖွေနေသော အချစ် အရာနှစ်ခုစလုံးသည် သူ့အိတ်ကပ်ထဲသို့ ပြန်လည်ရောက်ရှိမလာသေးပါ။

*

www.burmeseclassic.com

www.burmeseclassic.com

**(Scene: 19)**

(26.1.2013)

Mr. Guiter တွင် နေဆေး၊ မိုးမြေနှင့် ဆူးခါးနေတို့ ဝိုင်းဖွဲ့ကာ ကော်ဖီပစ်နေကြသည်။

ပထမတော့ ဂီတအကြောင်း ပြောနေရင်းက ဆက်စပ်ကာ နေဆေး၏ ပျောက်ဆုံးနေသော harddisk အကြောင်းဆီ ရောက်သွားကြသည်။

အက်စပက်ဆို ကော်ဖီခွက်ကို 'အာဆွတ်ရုံ အရသာခံသောက်ရင်း နေဆေးက…

'ဇာတ်ရှိန်ကတော့ တက်လာပြီ၊ မကြာခင် ပွဲပြီးတော့မယ်ထင်တယ်'

'မင်းဆိုလိုတာက…'

'နက်ဖြန်မှ ၂၇ ရက်ဆိုရင် ငါ့အခွေထွက်မှာက ၅



ရက်နေ့လေ၊ ကြားထဲမှာ ဖြန့်ချိရေးအတွက် တစ်ပတ်၊ ၈ ရက်လောက်တော့ အချိန်ရသေးတယ်၊ သူတို့ကို နေ့ရောညပါ အလုပ်ပေးလိုက်ရင် ငါခွေထွက်ဖို့က အေးဆေးပဲပေါ့ကွာ'

'အပိုင်တွက်လှချည်လား'

ဆူးခါးနေက စကားထောက်သလို ဝင်မေး၏။

သူက တစ်ချက်မခိုးမခန့်ပြုံးလိုက်ရင်း…

'အပိုင်ကွက်မို့ အပိုင်တွက်တာ ဘာဖြစ်လဲ၊ မင်းတို့မယုံရင် ကြည့်နေ၊ မနက်ဖြန် ပန်းပန်ရဲ့ မွေးနေ့ကျရင် သူ့ဆီက အချစ်နဲ့အတူ ငါ့ရဲ့ harddisk ပါ၊ အလိုလိုပြန်ရလိမ့်မယ်ဆိုတာ ယုံလိုက်'

ဟု သူက သေချာပေါက်ကြီးကို တွက်ချက်ပြောနေပါသည်။

ဆူးခါးနေကတော့ မယုံချင် ယုံချင်ဟန်ဖြင့် သူ့ကို မျက်မှောင်ကုတ်ကြည့်ကာ ထပ်မေးပြန်သည်။

'မင်းဟာက သေချာပါ့မလား နေဆေး?'

'သေချာတယ်၊ မသေချာဘူးဆိုတာကတော့ ငါ့ကို နောက်ဆုံးသဲလွန်စပေးခဲ့တဲ့ ပြန်ပေးသမားတွေရဲ့ ကတိပဲဆိုင်တယ်၊ သူတို့ယောက်ျားစကားပြောခဲ့မယ်ဆိုရင်ပေါ့ကွာ'

ထိုကပါး ရိုကပါးလေသံနှင့် ထိုစကားအဆုံး…

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာကနေ ရုတ်တရက်ကြီး ထရပ်လိုက်သူက ဆူးခါးနေ။

ထိုအခါ မိုးမြေက…

'ဟေ့ကောင်… ဒါက ဘာဖြစ်တာတုံး?'

'ငါ့ Fatherကြီး ခိုင်းထားတဲ့ကိစ္စတစ်ခု ငါမေ့နေလို့၊ အခုမှ သတိရတယ်၊ ငါပြေးလိုက်ဦးမယ်'

ပြောပြီး သူ ဆိုင်ထဲက အရင်ထလစ်သွားလေ၏။

သူ့ပုံစံကို ကြည့်ပြီး မိုးမြေက နှာခေါင်းရှုံ့ကာ…

'ဘာကောင်မှန်းကို မသိဘူး။ လာတုန်းက အတူတူ လာပြီး ဒီကောင် ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ပျာယာ ခတ်နေတာပဲ'

ဟု ဘုတောပါသည်။

ထိုအခါ…

နေဆေးက မိုးမြေအား…

'ဒီကောင်က ဒီလိုပဲလေ၊ ငါသိသလောက်တော့ ဆူး ခါးနေက နဂိုတည်းက ခန့်မှန်းရတော်တော်ခက်တဲ့ကောင်ကွ၊ ခွင့်လွှတ်လိုက်ပါကွာ'

ဘာကြောင့်မှန်းရယ် မသိ။

တစ်ဖက်သားဆို ဝေဖန်စဲတဲ့ နေဆေးက ခုတော့



ဆူးခါးနေအား ကြည့်ပြီး ခန့်မှန်းရခက်ကြောင်း သုံးသပ်ပြ သည်။

တကယ့်

တကယ်မှာတော့ လောကကြီးတွင်

ဘယ်သူက ခန့်မှန်းရခက်ကြောင်း ခန့်မှန်းရခက်ပါ လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

တိမ်မယောင်နဲ့ နက်
လွယ်မယောင်နဲ့ ခက်
ဆိုတဲ့ ပုစ္ဆာတစ်ပုဒ်ကို
လိုက်ပြီးအဖြေထုတ်ကြည့်နေမယ်ဆိုရင်...
အားလုံး သွက်သွက်ခါအောင် ရှုံးသွားပါလိမ့်မယ်။
တကယ်တော့
လောကကြီးဟာ...
အတည်ပေါက်ကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



'နင်နဲ့ ငါက အချင်းချင်းတွေပဲ၊ ဘာလက်ဆောင်မှ မပါလည်း ငါ့မွေးနေ့ပွဲကိုလာလို့ရတယ်၊ ငါ့အတွက် အရေးကြီးဆုံးက လူပဲ'

နှင်းလွှာစိတ်ပြေအောင် သူမပြောလိုက်သည်။

ထိုသို့ပြောလိုက်မှ တစ်ဆင့်ထပ်တက်လာသော သူမက…

'ဒါနဲ့ နေစမ်းပါဦး၊ နင် ဘယ်ကိတ်မုန့်ဆိုင်ကနေ အော်ဒါမှာထားတာလဲ'

သိချင်တာကို အပူတပြင်းမေးမိသည်။

ထိုအခါ ပန်းပန် ဆံနွယ်စလေးများကို ဝှေ့ယမ်းပြီး လှည့်ကြည့်လိုက်ရင်းက…

'နင် ဘာလုပ်မလို့လဲ'

'ဩော်… ဘာရယ်မဟုတ်ပါဘူး၊ နင့်မွေးနေ့အတွက် ငါ ဦးဦးဖျားဖျား ကိတ်မုန့်လက်ဆောင်မပေးရလည်း တခြားလက်ဆောင်တော့ စီစဉ်ပေးရမှာပေါ့၊ အခု ငါသိချင်တယ်ဆိုတာက ငါ့မွေးနေ့ကျရင် ငါ့ချစ်သူကို နင်မှာတဲ့ ကိတ်မုန့်ဆိုင်ကပဲ မှာခိုင်းမလို့ မေးကြည့်တာပါ'

နှင်းလွှာ၏ စကားများကို ကြားနေရသည်က အပေါက်အလမ်း သိပ်မတည့်။

**(Scene: 20)**

'မနက်ဖြန် နင့်မွေးနေ့ကျရင် ငါနဲ့ ငါ့ချစ်သူဆူးခါးက birthday present အနေနဲ့ နင့်ကို အပျံစား Birthday Cake တစ်လုံးလက်ဆောင်ပေးမယ်၊ OK'

ထိုသို့ နှင်းလွှာက လျှောက်ထားတော့ သူမ လက်တခါခါဖြင့် ငြင်းသည်။

'Birthday Cake အတွက် ဆိုင်တစ်ဆိုင်ကနေ ငါကြိုတင်အော်ဒါမှာပြီးသား'

'သေလိုက်ပါတော့'

ကိုယ့်နဖူးကိုယ်ရိုက်ကာ မှုပျက်သွားသော နှင်းလွှာကိုကြည့်ပြီး အားနာသွားတာကြောင့်…

www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲရှိရာ ပြောချင်သလို ပြောနေသလိုမျိုးဟု ပန်းပန် ခံစားရသည်။

သို့သော် ဘာပဲဖြစ်ဖြစ်…

သူမသိချင်တာကို မေးလာသည်ဆိုတော့လည်း…

'ငါ့ကိတ်မုန့်ကို မွှေးနေအောင် မြို့ထဲက Parisan ကိတ်မုန့်ဆိုင်ကနေ ကြိုမှာထားတာဟ'

ပန်းပန် ပြောပြလိုက်ပါသည်။

တစ်ခုခုကို စဉ်းစားသွားသလို မှိုင်းညို့သွားသော မျက်ဝန်းအစုံဖြင့် နှင်းလွှာက…

'မြို့ထဲက Parisan ကိတ်မုန့်ဆိုင် ဟုတ်လား'

ထိုနာမည်ကို တစ်လုံးချင်းရေရွတ်လိုက်သည်က ကယောင်ကတမ်းပုံစံမျိုး။

သူမနှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားပါသည်။

အမှန်တော့…

သူမသည်လည်း သံသယဝင်စရာကောင်းသော မိန်းမပျိုတစ်ယောက် ဖြစ်နေဦးမည်လား?

မပြောတတ်သေးပါ။

*

www.burmeseclassic.com

www.burmeseclassic.com

## (Scene: 21)

ထိုနေ့ ညနေစောင်း နေရောင်ခမ်းစပြုချိန်တွင် ဖြစ်၏။

'ဒေါက်… ဂျလောက်… ဂျလောက်'

ဘီလီယက်ခုံတစ်ခုတွင် နေဆေးနှင့် မိုးမြေ ဝမ်းဘိုင်ဝမ်း ဘီလီယက်ထိုးနေကြသည်။

သူ စာအုပ်တစ်အုပ်ထဲတွင် ဖတ်ဖူးသည်။

လောကမှာ ဘာမှလုပ်စရာမရှိရင် ကိုယ်လုပ်ချင်ရာသာ လုပ်နေပါ။ လူဆိုသည်မှာ တကယ်တော့ တစ်ခုခုလုပ်နေဖို့သာ အရေးကြီးပါသည်တဲ့။

ခုလည်း သူ့ harddisk ကို မဖော်ထုတ်နိုင်သေးခင်ထိ သူပျော်သလိုသာ နေပစ်လိုက်သည်။

သိပ်ပြီးခေါင်းရှုပ်ခံ စဉ်းစားမနေတော့။



ဘီလီယက်ခုံပေါ်က အစိမ်းရောင်ဘောလုံးကို အဖြူရောင်ဘောလုံးဖြင့် ချိန်ရွယ်ထိုးခတ်လိုက်ရင်း…

'မင်း ဘာလို့ ဒီလောက်ထိ သွေးအေးနေရတာလဲ?'

မိုးမြေက တစ်စခန်းထဖောက်လာပါသည်။

လက်ထဲက ဘီလီယက်ကျူတံထိပ်ကို ချော့ခ်ဖြင့်တိုက်နေရာမှ သူက…

'ငါ့ထက်တောင် ပြန်ပေးအဖွဲ့က သွေးအေးပါသေးတယ်'

ထိုစကားတစ်ခွန်းပဲ ပြန်ပြောလိုက်သည်။

ထိုအချိန်…

နေဆေး၏ လက်ကိုင်ဖုန်းသို့ တစ်စုံတစ်ယောက်ဆီမှ ဖုန်းဝင်လာ၏။

ထိုအခါ…

'ခဏနေဦး သူငယ်ချင်း၊ ငါ အပြင်ထွက်ပြီး ဖုန်းပြောလိုက်ဦးမယ်'

ဟု လှမ်းပြောရင်း အခန်းအပြင်ဘက်သို့ သူ ထွက်သွားလေ၏။

ဘယ်သူနဲ့မှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူ ခြေဟန်လက်ဟန်နှင့် ပြန်ပြောရင်း အံ့အားသင့်နေတဲ့ပုံရိပ်ကို မိုးမြေ အဝေးကနေ လှမ်းမြင်နေရ၏။

ခဏကြာ…

နေဆေး အခန်းထဲသို့ ပြန်ဝင်လာပြီး…

'ပြန်ပေးကိစ္စနဲ့ပတ်သက်ပြီး ခုချက်ချင်း ငါသွားမှဖြစ်မယ်၊ မင်း ငါနဲ့ လိုက်မယ်မဟုတ်လား သူငယ်ချင်း'

'လိုက်မှာပေါ့'

'ဒါဆို လစ်ကြမယ်'

'ဘယ်ကိုလဲ'

'မြို့ထဲက ကိတ်မုန့်ဆိုင်တစ်ဆိုင်ကို…'

တိုနေရာတွင် ဘာတွေဖြစ်ပျက်လို့ နေဆေးကို ဘယ်သူက ဖုန်းဖြင့် လှမ်းအကြောင်းကြားသလဲဆိုတာ မိုးမြေ မေးမနေတော့။

သူ့ခေါင်းဆောင်ရာနောက်သို့သာ ရဲဘော်ရဲဘက်ပီသစွာ လိုက်ပါလာမိခဲ့တော့သည်။

'ကွီ'

မြို့ထဲက Parisan ကိတ်မုန့်ဆိုင်ရှေ့ရှိ နေရာလွတ်တွင် သူတို့ကားကို ဖြစ်သလို ရပ်ခဲ့လိုက်သည်။

ပြီးနောက်…

ဆိုင်ဆီသို့ နေဆေးက ဦးဆောင်၍ ခပ်သုတ်သုတ် လျှောက်လှမ်းသွားလေ၏။

အမှတ်မထင်ဘဲ ဆိုင်တံခါးဝနားအရောက်တွင် နေခါးနေ၏ သူငယ်ချင်းဖြစ်သူ ဖက်တီးတစ်ယောက် ဆိုင်ထဲက ထွက်လာတာနှင့် ဆုံ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ ဖက်တီးအမူအရာက ရှုပျက်သွားသလိုမျိုး။

တစ်စုံတစ်ရာကြောင့် မလုံသောမျက်နှာထားကို ဖက်တီးက ပြန်ထိန်းလိုက်ပြီး မမြင်ချင်ယောင်ဆောင်ကာ သူတို့အား ကပ်ရှောင်၍ ထွက်သွားလေ၏။

နေဆေးရော မိုးမြေပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်…

နေဆေးအလိုရှိနေသော အရေးကြီးဆုံး data တစ်ခုရရှိရန်အတွက် ဆိုင်ထဲသို့ဝင်ရောက်ပြီး သက်ဆိုင်သူအား ခွင့်တောင်းကာ စုံစမ်းသမှုပြုတော့လေသည်။

✲

နတ်ဘုရားတွေရဲ့ လှည့်စားမှုအောက်ရောက်ခဲ့တဲ့ ယုံကြည်ချက် ခပ်မိုက်မိုက်နဲ့ လူငယ်တစ်ယောက် လောကကြီးကို လွယ်လွယ်နဲ့ ဒူးထောက်ပြီး

အညံ့ခံလိမ့်မယ်လို့

x iâev m;?

www.burmeseclassic.com

www.burmeseclassic.com

## (Scene: 22)

(27.1.2013)

သူမခြံထဲတွင် ကျင်းပနေသည့် ပန်းပန်ဆိုသော ကောင်မလေး၏ Birthday Dinner Party ပွဲတစ်ပွဲတွင် ဖြစ်၏။

မွေးနေ့ရှင် ပန်းပန်အတွက် သူမ၏သူငယ်ချင်းများစွာက တက်ရောက်ချီးမြှင့်ကြပါသည်။

birthday presents များကိုလည်း အပြိုင်အဆိုင်ပေးကြပါသည်။

ပန်းပန်၏ အရှေ့တွင်…

"Happy Birthday Pann Pan" ဟု ရေးထွင်းပုံဖော်ထားသည့် မွေးနေ့ကိတ်ကလည်း အဆင်သင့်ဖြစ်နေပါပြီ။

ထိုကိတ်သည် ပန်းပန်ကိုယ်တိုင် စိတ်ကြိုက်မှာယူထားသော ပန်းရောင်ကိတ်မုန့်တစ်လုံးပင် ဖြစ်၏။



လူတော့ မစုံသေးပါ။

တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံပေါက်သည့် သူမ၏ဟန်ပန်က သစ်ကုလားအုတ်မလေးလို ပြေပြစ်လှပနေပါသည်။

ထိုခဏ…

သူမ၏ပါတီသို့ လက်ထဲတွင် လက်ဆောင်ပါဆယ်ဘူးတစ်ဘူးကို ကိုင်ဆောင်၍ နှင်းလွှာတို့အတွဲ ရောက်ရှိလာပါသည်။

ရောက်မဆိုက် နှင်းလွှာနှင့် ဆူးခါးနေက စားပွဲပေါ်အသင့်ရှိနေသော ဘတ်ဒေးကိတ်ကို ဘေးသို့တွန်းရွှေ့လိုက်ရင်း ပါလာသည့် သူတို့၏ လက်ဆောင်ဘူးကို အားလုံးရှေ့တွင် ဖွင့်ချလိုက်ကာ…

'ငါ့ကိုခင်ရင် နင် ငါတို့ပေးတဲ့ ဟောဒီကိတ်လေးကိုပဲ ခွဲဟာ။ ငါတို့ နင့်ကို ဒီလိုလက်ဆောင်မျိုး ပေးချင်လွန်းလို့ အချိန်မီ အရေးတကြီးသွားလုပ်လာရတာ'

နှင်းလွှာက သူမအား ဂျိတိုက်၏။

ဟုတ်တော့လည်း ဟုတ်ပါသည်။

သူတို့အတွဲပေးသည့် ဒုတိယကိတ်က ပထမကိတ်ထက် ဈေးကြီးပေးရမည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ကိတ်မုန့်ပေါ်တွင် ရေးထွင်းထားသော စာသားက ပန်းပန်ဆိုသော နာမည်လေးအား ရွှေရောင်အဝိ ကွပ်ထားသောကြောင့် ဝိုမိုဝင့်ကြွားနေလေ၏။

ဆူးခါးနေက သူမကို ကြည့်ပြီး ပြုံး၍ ခေါင်းညိတ်ပြနေပါသည်။

သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်သူ နှင်းလွှာအတွက် အကြောင်းမရှိပေမယ့် သူမ၏ချစ်သူ ဆူးခါးနေကို အားနာပြီး ပန်းပန်လက်ခံလိုက်သည်။

သူတို့လက်ဆောင်ပေးသည့် ဒုတိယ Birthday ကိတ်ကိုသာ သူမ အသုံးပြုရပါတော့မည်။

'ကောင်းပြီ... နင်တို့ပေးတဲ့ birthday ကိတ်က ပိုချစ်စရာကောင်းလို့ ဒီည နင်တို့ရဲ့ကိတ်ကိုပဲ ငါခွဲတော့မယ်'

ဟု ပန်းပန်က အရယ်တစ်ဝက်ဖြင့် ပြန်ပြောလိုက်သည်။

နှင်းလွှာတို့အတွဲ ကျေနပ်သွားပုံရသည်။

ထိုအချိန်...

ဆူးခါးနေက ပိုင်နိုင်သော အပြုံးတစ်ချက်ဖြင့် တစ်စုံတစ်ယောက်ဆီ ဖုန်းထုတ်ဆက်လိုက်၏။

'မင်းဘယ်ရောက်နေလဲ သူငယ်ချင်း'



တစ်ဖက်က...

'အခမ်းအနားတစ်ခုကို သွားနေတာ၊ ငါတို့နဲ့အတူ မင်း Father ကြီးပါ ပါတယ် သူငယ်ချင်း'

'ဘာလို့ ငါ့ Father ကြီးပါ ပါရတာလဲ?'

'ဒီနေ့ည အားလုံးရှေ့မှာ ငါ harddisk ကို ပြန်ပေး သမားတွေဆီကနေ ပြန်ယူပြမလို့လေ'

ထိုစကားအဆုံး ဖုန်းချလိုက်ပြီး အနားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ချလာသူတွေက နေဆေး၊ မိုးမြေနှင့် ဦးဘိုမန်းတို့ပင် ဖြစ်၏။

'Happy Birthday ပါ ပန်းပန်'

ဆိုပြီး နေဆေးနှင့် မိုးမြေတို့က သူမအား ခါးညွတ်၍ နှုတ်ဆက်လိုက်၏။

မကြာခင်အတောအတွင်းမှာပဲ နှင်းလွှာတို့အတွဲ ပေးထားသည့် မွေးနေ့ကိတ်ပေါ်တွင် မွေးနေ့ရှင်ကိုယ်တိုင် ဖယောင်းတိုင်ငယ်လေးများ စိုက်ထူ၍ ကိတ်မုန့်ခွဲဖို့ ပြင်လေသည်။

သူမနားတွင် ကြားရှိထားသော အပေါင်းအသင်းများက...

"happy birthday to U .....

www.burmeseclassic.com

www.burmeseclassic.com



happy birthday to U....

happy birthday ..... happy birthday

dear Pann Pan..."

Birthday wish song အား သံပြိုင်သီဆိုသံအဆုံး…

'ဖြောင်း… ဖြောင်း… ဖြောင်း'

အားလုံး လက်ခုပ်တီးချီးမြှင့်သံများအကြား ဖယောင်းတိုင်မီးများ မှုတ်လိုက်ပြီးနောက် ကိတ်မုန့်ခွဲတော့မည့် သူမ၏ဓားကိုင်ထားသော လက်ပေါ်သို့ အနောက်ကနေ လူတစ်ယောက်၏ လက်အစုံက လှမ်းကိုင်လိုက်ပါသည်။

ထို့နောက်…

ဖယောင်းတိုင်များ စိုက်ထူထားသော ဒုတိယကိတ်ကို မခွဲဖြစ်တော့ဘဲ ပထမကိတ်ကိုပဲ ခွဲဖို့ဟန်ပြင်လိုက်ရင်း နေဆေးက အားလုံးကို ကြည့်ပြီး ပြုံးပြလိုက်သည်။

ပထမတော့ အားလုံးက သူ့လုပ်ရပ်ကို မြင်ပြီး ဆွံ့အသွားရသည်။

နောက်မှ…

သိလိုက်ရတာက သူမ၏ လက်ဖမိုးလေးကို ကိုင်ပြီး သူကိုယ်တိုင် ခွဲချလိုက်သော ပထမကိတ်သည် အလယ်ကတည့်တည့်ကွဲအက်သွားသောအခါ…



harddisk တစ်လုံး ကိတ်မုန့်ထဲကနေ အတိုင်းသားပေါ်ထွက်လာပါတော့သည်။

ထို harddisk ကို မြင်လိုက်ရချင်း ဦးဘိုမန်းတစ်ယောက် သဘောပေါက်သွားကာ ကိတ်မုန့်ကြားက နေ့ဆေး၏ harddisk ကို တစ်ရှူးများသုံး၍ ကမန်းကတန်းဖော်ထုတ်လိုက်၏။ ထို့နောက်…

ဆက်လက်ပြီး ပေါ်ထွက်လာသော လက်ခုပ်သံတစ်ခုကို ကြားလိုက်ကြရ၏။

'ဖြောင်း… ဖြောင်း…'

ထိုလက်ခုပ်သံကို ရုတ်တရက် ထတီးသူမှာ အခြားသူမဟုတ်။

ဆူးခါးနေပင် ဖြစ်လေတော့သည်။

ထို့နောက်…

နေဆေးအရှေ့သို့ ဆူးခါးနေက လက်ကမ်းပေးလိုက်ကာ သူတို့ချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြပြီးနောက်…

'Congratulation နေဆေး၊ မင်းကို ငါလေးစားပါတယ်'

အားလုံးက ဆူးခါးနေအား ဘာသဘောလဲဆိုပြီး အကြောင်းသား ငေးကြည့်နေကြဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး သူက အားလုံးနားလည်အောင် အလုံးစုံ ရှင်းပြလိုက်ပါသည်။

'နေဆေးရဲ့ harddisk ကို ကျွန်တော်ကိုယ်တိုင် ပြန်ပေးဆွဲခဲ့တာပါ၊ ဒီကစားပွဲကို ကျွန်တော် ဘာကြောင့်ဖန်တီးခဲ့ရသလဲဆိုတဲ့ ရည်ရွယ်ချက်ကတော့...'

✲

# Flashbacks
## ဖြစ်ခဲ့ပြီးတဲ့အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com

## (အဖြစ်အပျက် တစ်)

တစ်နေ့သားတွင် ဖြစ်သည်။

တိတိကျကျပြောရလျှင်…

နေဆေး၏ အခွေထွက်တော့မည်ဟု City FM နှင့် အင်တာဗျူးများ ကြားပြီးသည့်နောက်တစ်နေ့တွင် ဖြစ်၏။

ဆူးခါးနေ၏ အိမ်အခန်းထဲတွင် Counter Strike ဂိမ်း ကစားကြရင်း ဖက်တီးက စပြောလေ၏။

'မင်း Father ကြီးက သားအရင်းဖြစ်တဲ့ မင်းထက် တောင် နေဆေးကို ပိုပြီး Chance (အခွင့်အရေး)ပေးနေ သလိုပဲ'

ကွန်ပျူတာထဲတွင် တရစပ်ပစ်ခတ်နေရင်းမှ ဆူးခါး နေက…

'ဒါကတော့ကွာ… လက်ရှိအနေအထားမှာ သူ့ရဲ့စမ်း က ငါ့ထက်အပုံပေါင်းများစွာ သာနေတာကိုး'



ပြန်ဖြေလိုက်သည်။

ထိုအဖြေကို ဘဝင်မကျဘဲ ဖက်တီးက…

'လူတစ်ယောက်ရဲ့ အောင်မြင်မှုရယ်၊ ရေရှည်ခံတဲ့ စန်းပွင့်မှုမျိုးဆိုတာ အလကားနေ ရတတ်လို့လား'

မေးငေါ့ပြီး ပြန်မေးလိုက်သည်။

ထိုအခါ…

'ငါ့ Father ကိုယ်တိုင်က ငါ့ကို အထင်သေးတာလဲ ပါတာပေါ့'

ဆူးခါးနေက ပြီးပြီးရော ပြန်ပြောလိုက်၏။

ဒါကို လုံးဝလက်သင့်မခံဘဲ ဖက်တီးက…

'ငါပြောချင်တာ အဲဒါပဲ၊ လူတွေရဲ့ အထင်သေးခြင်း ကိုခံရရင် ကိုယ့်ကို ဘယ်လိုအထင်ကြီးလာမလဲဆိုတာ လုပ် ယူတတ်ရတယ်၊ အဲဒါ အရည်အချင်းတစ်ရပ်ပဲ'

ထိုသို့ သွေးတိုးစမ်းလိုက်သောအခါ ဆူးခါးနေ၏ အရှိက်ကို အထိနာသွားစေ၏။

ထို့ကြောင့်…

'မင်းဆိုလိုတာက နေဆေးရဲ့ အရည်အချင်း နေဆေး ရဲ့ခြေဖျားကိုတောင် မမီဘူးလို့ ငါ့ကိုပြောချင်တာလား'

'ပြောချင်တာ မဟုတ်ဘူး၊ အလုပ်ကို သေချာမလုပ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မင်းကို ပြောသင့်ပြီထင်လို့ ပြောလိုက်တာ၊ အခွေအတွက် သီချင်းလုပ်တယ် သီချင်းလုပ်တယ်ဆိုပြီး မင်း Father ဆီက ပိုက်ဆံတွေလိမ့်တောင်းပြီးတော့ ရသမျှ အသီးဆွဲ၊ ကြာလာတော့ မင်း Father မပြောနဲ့၊ ငါတောင် မင်းကို အနုပညာ ခုတုံးလုပ်နေလားဆိုပြီး မသင်္ကာချင်တော့ဘူး'

ဖက်တီးက သူ့အတွက် သူငယ်ချင်းကောင်းပီသပါသည်။ ဝေဖန်သင့်တဲ့အချိန်မှာ တစ်ဆုံးဝေဖန်ပစ်လိုက်၏။

သူပြောသည့် အသီးဆွဲခြင်းဆိုသည်မှာ WYဟုခေါ်သော စိတ်ကြွဆေးပြားများသုံးစွဲခြင်းကို ဆိုလိုသည်။

ထိုသို့ မူးယစ်ဆေးများသုံးစွဲတိုင်းလည်း ဖက်တီးက ဘေးကနေ တားပါသည်။

သို့သော်…

ဆူးခါးနေဆိုသည်မှာ ဘယ်သူဘာပြောပြော သူလုပ်ချင်တာ သူလုပ်တဲ့ကောင်ဖြစ်တဲ့အတွက် လွယ်လွယ်နှင့် တားမရ။

အခုလည်း…

သူ ဂိမ်းကစားနေသော ကွန်ပျူတာထောင့်တွင် အပေါက်ဖောက်ထားသည့် ရေသန့်ဘူးသေးတစ်လုံးနှင့် ပိုက်တန်းလန်းကို တွေ့နေရသောကြောင့် မှန်းချင် မှန်းပလေ့စေ



တော့ဟု ဆုံးဖြတ်ကာ နေဆေးနှင့် ယှဉ်ပြောပြီး တိုက်ရိုက်လိုက်ခြင်းဖြစ်သည်။

ရုတ်တရက်အထိနာသွားသော ဆူးခါးနေတစ်ယောက် ထိုင်ရာက ထရပ်လိုက်ပြီး…

'ဒီမှာ ဟေ့ကောင်… မင်း ငါ့ကို ဆေးကြောင်ကြောင်တယ်ပဲပြောပြော နေဆေးနဲ့ ငါ ပြိုင်ဖိုက်ဖို့ ပြိုင်ပွဲတစ်ပွဲကို ငါဖန်တီးပြမယ်၊ ဘယ်ကောင်က ဘယ်ကောင်ထက် အရည်အချင်းပိုသာသလဲဆိုတာ မင်းစောင့်ကြည့်လိုက်'

တစ်ခါတလေ…

ထိုမူးယစ်ဆေး၏ အာနိသင်ကြောင့် ဘယ်သူ့မှ မတွေးဝံ့၊ မတွေးတတ်သောရှုထောင့်မှ ရတတ်သည့် အတွေးအခေါ်ကောင်းတချို့သည် အသုံးချတတ်လျှင် ကောင်းပါသည်။ သို့သော် ကြိုးတန်းပေါ် လမ်းလျှောက်သလို စိန်ခေါ်မှုတော့ ပြင်း၏။

ထိုပြန်ပေးကစားပွဲ ဖန်တီးနိုင်ဖို့ စတင်စဉ်က သူ ထိုမူးယစ်ဆေးကို အသုံးချခဲ့သည်မှန်သော်လည်း သူ မျောနေလို့ မဖြစ်တော့ဘူးဟု သတိဝင်လာခိုက် (ယခုအချိန်တွင်) သူ အရာရာနှင့် ခပ်ကင်းကင်းမှာ နေလိုက်တော့သည်။ အားလုံးကို ယတိပြတ်ဖြတ်ချခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

သူကိုယ်တိုင်ဖန်တီးခဲ့သော ကစားပွဲဆုံးအောင်ထိတော့ သူ ဆက်လက်ကစားခဲ့ပါသည်။

ထိုမှအစပြု၍ ဓာတ်ပြားတစ်ချပ်ရဲ့ ပြန်ပေးဓာတ်လမ်းတစ်ပုဒ် ပေါ်ပေါက်ခဲ့ရလေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com

## (အဖြစ်အပျက် နှစ်)

ပြန်ပေးဆွဲပြီးနောက်တစ်နေ့။

ဖခင်လုပ်သူကို ဆူးခါးနေက နားပူနားဆာတိုက်သည်။ ဦးဘိုမန်းက သားဖြစ်သူ၏ စကားကို နားမဝင်ဘဲ ဂဏန်းပေါင်းစက်တစ်လုံးနှင့် အလုပ်ရှုပ်နေ၏။

ဆူးခါးနေက…

'ကျွန်တော့်ရဲ့ Solo ခွေအတွက်လည်း ဖေဖေခေါင်းထဲမှာ စဉ်းစားပေးဦး'

ကိန်းဂဏန်းများကို တွက်ချက်နေရာမှ…

'ခုချိန်မှာ ငါခေါင်းကိုက်နေတယ်၊ နေဆေးရဲ့ harddisk ပြန်ပေးဆွဲခံရတာနဲ့ပတ်သက်ပြီး ငါရင်းနှီးထားတာတွေအတွက်ပဲ စဉ်းစားနေရတယ်'

ဦးဘိုမန်း ခေါင်းကြီးစွာ ပြန်ပြောလိုက်၏။



သူ့စိမ်းတစ်ရုံဆံလွှန်းသည့် သူ့ဖခင်၏ စကားကို စိတ်နာပြီး…

'ဘာလဲ… ဖေဖေက နေဆေးကိုမှ သီချင်းဆိုတတ်တဲ့ကောင် အဆိုတော်လို့ ထင်နေတာလား'

'ဟော့ကောင် တိတ်စမ်း၊ မင်းကို ငါ ပထမစီးရီး ထုတ်ပေးခဲ့တုန်းက မင်း ဘာအဖြစ်ရှိခဲ့လို့လဲ၊ အားလုံးပလုံတာပဲ အဖတ်တင်တယ်မို့လား၊ မင်းကိုယ့်အရည်အချင်းကိုယ် သိဖို့ကောင်းပြီ'

ထိုစကားက သူ့အရှိက်ကို စိုက်ဝင်သွားသည့် မြားတစ်ချောင်းအလား။ သူက…

'ကောင်းပြီ… ကျွန်တော့်အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ အားလုံး တစ်နေ့ သိလာစေရမယ်'

ပြောပြီး ဖခင်ကို ကျောပေးထွက်ခဲ့သော ဆူးခါးနေ၏ မျက်နှာပေါ်မှာ မထီမဲ့မြင်အပြုံးတစ်ခု ထင်ဟပ်နေပါ၏။

ထိုအချိန်တွင်တော့…

အားလုံးကမောက်ကမ ဖြစ်သွားရအောင် သူ နေဆေး၏ harddisk ကို ပြန်ပေးဆွဲထားခဲ့ပြီးနေပါပြီ။

'×··××···

www.burmeseclassic.com

www.burmeseclassic.com



×··××···'

ပန်းပန်၏ birthday party တွင် နေဆေး၏ harddisk အား ပြန်ပေးဆွဲခဲ့ရခြင်း၏ ရည်ရွယ်ချက်ကို သူပြန်ပြောနေခြင်း ဖြစ်သည်။

ဆက်လက်ပြီး သူက···

'ဒီပြန်ပေးမှုကို ငါ ကစားပွဲတစ်ခုလို ဖန်တီးခဲ့ပေမယ့် တကယ်တမ်းကျတော့ ဖေဖေ့ကိုရော နေဆေးကိုရော မနစ်နာစေလိုတာကတော့ အမှန်ပါ'

ဟု ပြောပြီး နေဆေးအား စိတ်အနှောင့်အယှက်မဖြစ်စေချင်ကြောင်း တောင်းပန်လိုက်သည်။

နေဆေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြုံးပြလိုက်ရင်း···

'မင်းဖန်တီးခဲ့တဲ့ ဟောဒီကစားပွဲကို ငါကြိုက်တယ်၊ ကစားပွဲတွေ တီထွင်ခဲ့တဲ့ လူတွေကိုလည်း ငါလေးစားတယ်၊ ပွဲစကတည်းက မင်းလုပ်တယ်ဆိုတာ ငါရိပ်မိပေမယ့် မင်း ဘယ်လိုအကွက်တွေ ဆက်ရွှေ့မလဲဆိုတာ သိချင်လွန်းလို့ ငါ စောင့်ကြည့်ခဲ့တာ၊ မင်းတော်တယ် သူငယ်ချင်း'

'နေစမ်းပါဦး၊ ဒီဇာတ်လမ်းမှာ တစ်လျှောက်လုံး ပန်းပန်ကရော တရားခံလိုလို ဘာလိုလို ဖြစ်နေရတာလဲ? ပြီးတော့ ပန်းပန်နဲ့ မင်းကရော ရန်သူတွေကနေ ဘယ်လိုလုပ်ပြီး ဘယ်လိုဖြစ်သွားရတာလဲ? အိုကွာ··· ဟောဒီကစားပွဲ တစ်ခုလုံးကို မင်း ဘယ်လိုများ အဖြေရှာတွေ့သွားရတာလဲ? ငါတို့နားလည်အောင် ရှင်းပြကွာ'



မိုးမြေက (လဲ?) မေးခွန်းများစွာဖြင့် သိချင်နေသည်များကို တရစပ်ဝင်မေးလိုက်သည်။

ထိုအခါ···

ပန်းပန်မြင်သာအောင် ပခုံးနှစ်ဖက်အသာအယာတွန့်ပြလိုက်ရင်းက နေဆေး ရှင်းပြသည်မှာ···

'×××  ··

··  ××  ··  ××  ···

✲

www.burmeseclassic.com

www.burmeseclassic.com

## (အဖြစ်အပျက် သုံး)

ပန်းပန် အိမ်ရှေ့ထိသွားပြီး ရည်းစားစကားပြောတဲ့ ညက သူ အိမ်သို့ ပြန်သာလာခဲ့ရသည်။

သူ့ရင်ထဲမှာ ဘဝင်တော့ သိပ်မကျ။

ပန်းပန်နှင့် တစ်ညလုံး စကားတွေဆက်ပြောချင်နေခဲ့၏။

ထို့ကြောင့်…

သူ အိပ်ရာထဲကနေ သူမ၏လက်ကိုင်ဖုန်းသို့ ဖုန်းဆက်ခေါ်လိုက်မိသည်။

'ပန်းပန်ရဲ့ မွေးနေ့ကျရင် ဘာဖြစ်ဖြစ် ရင်ဆိုင်နိုင်အောင် ကြိုးစားထားပါဆိုတဲ့ အဖြေက ကိုယ့်အတွက် ရိုးသားစေချင်တယ် ပန်းပန်'



တစ်ဖက်မှ ပန်းပန်က လှောင်ရယ်လေး ရယ်ချလိုက်ရင်း သူ့ကို ပြက်ရယ်ပြုသည်။ သူက…

သူ၏ခံစားချက်ကို ဖုန်းထဲမှာတင် ပိပိရိရိဆက်လက်ဖော်ထုတ်ပြသည်။

'ကိုယ်ဆိုလိုတာက မင်းပေးမယ့် အဖြေမှာ အငြိုးအာဃာတတွေ၊ နာကြည်းချက်တွေ မပါစေချင်ဘူး။ ဘာအရောင်မှ ငြိစွန်းမှုမရှိတဲ့ အဖြေကိုပဲ လိုချင်တယ် ပန်းပန်'

ထိုစကားအဆုံး တစ်ဖက်က…

'ဒါဆို ဘာအရောင်မှ ငြိစွန်းမှုမရှိတဲ့ ပရိသတ်ကောင်မလေးတစ်ယောက် ရှင့်ဆီ ညတိုင်းဖုန်းတွေဆက်နေတုန်းက ဟုတ်မလိုလိုနဲ့၊ နောက်နေ့ညတွေမှာ ဘာကြောင့် အဖက်မလုပ်တော့တာလဲ'

နေဆေးဘက်က တုံ့ဆိုင်းတွေဝေသွားရသည်။ ပြီးမှ သူ စဉ်းစားမိသွား၏။

'ဒါကတော့ ပထမစီးရီးတွေ ပေါက်ခဲ့တဲ့အချိန် အဆိုတော် နေဆေးဆိုတဲ့ နာမည်တစ်လုံးကို ထူထောင်ဖို့ ကြိုးစားနေတဲ့အချိန်မှာ မိန်းမကိစ္စနဲ့ပတ်သက်ပြီး အငြိအစွန်းမခံနိုင်သို့၊ အတိမ်းစောင်းအဖြစ်မခံနိုင်လို့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းလိုက်တဲ့သဘောပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်လို ကိုယ့်ကိုယ်ကိုယ် Over Confidence ဖြစ်တဲ့လူနဲ့ ပန်းပန် မပတ်သက်ချင်ဘူး'

'အဲလို Over Confidence ဖြစ်တဲ့ လူက မင်းနဲ့ကျမှ ရူးရူးမူးမူးဖြစ်သွားတယ်ဆိုရင်ရော…'

'ကောင်းပြီလေ၊ ရှင်ဘယ်လောက်ထိ ပန်းပန်အပေါ် ရူးရူးမူးမူးဖြစ်နိုင်မလဲ စောင့်ကြည့်ရသေးတာပေါ့'

'OK … ဒါဆို မင်းခြံရှေ့ကို ကိုယ်နောက်တစ်ခေါက်ပြန်လာရလိမ့်မယ်'

တစ်ဖက်မှ ပျာပျာသလဲတားလိုက်သည်။

'ရှင်နော်… နောက်တစ်ခေါက်ပြန်လာလို့ကတော့ ပန်းပန်ကိုယ်တိုင် ဓားဆောင်ပြီးစောင့်နေမှာ'

'စောင့်နေ… ကိုယ်က ယုံကြည်ချက်လွန်ကဲသလို လူတစ်ယောက်ကို ချစ်ပြီဆိုရင်လည်း ကိုယ့်ခံယူချက်က လွန်လွန်ကဲကဲပဲ၊ အရူးအမူးချစ်တတ်ကြောင်း သက်သေပြမယ်'

ပြောလက်စဖုန်းကို ချက်ချင်းချကာ သူ သူမဆီသို့ နောက်တစ်ခေါက် အရောက်သွားဖို့ ပြင်ဆင်လေတော့၏။

ထိုသို့ဖြင့်…

သူမအိမ်ရှေ့ရောက်သောအခါ သူမဖုန်းကို ထပ်ဆက်ပြီး ခြံဝသို့ ထွက်လာခိုင်းလိုက်၏။



သူမ ဖုန်းပိတ်ထားဖို့ စဉ်းစားပါသေးသည်။

သို့သော်…

သူ့စိတ်ကို သိနေ၍ ဖုန်းပိတ်ထားကာမှ ပိုဆိုးသွားမည် စိုးရိမ်သောကြောင့် သူမ အိမ်ထဲကနေ တိတ်တိတ်လေး ခိုးထွက်လာခဲ့သည်။

ခြံဝနားအရောက် သူမက…

'အချိန်မတော်ကြီး ရှင်ပြန်ပါတော့'

'ပြန်စေချင်ရင် ခုအဖြေပေး'

'ရှင်သိပ်တရားလွန်နေပြီနော်'

'လွန်လွန်းတယ်ပဲ ပြောပြော၊ မကျေနပ်ရင် ချက်ချင်း အဖြေပေးကွာ'

'အဖြေတော့ မရဘူး၊ လက်ဝါးပဲရမယ်'

'အစကပြောတော့ ဓားဆောင်ထားမှာဆို'

'ဓားအဆောင်သင့်မရှိလို့ လက်ဝါးပဲပါလာတယ်၊ ယူမလား'

ပန်းပန်က မျက်စောင်းလေးထိုးပြီး သူ့ရှေ့သို့ လက်ဝါးလေးပါထောင်ပြသည်။

ခြံဝင်းတံခါးသံတိုင်များကြားမှ မြင်တွေ့နေရသော သူမ၏ လက်လေးအား အပြင်ကနေ ရုတ်တရက် ဖမ်းဆုပ်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ရွှတ်'

သူမ၏လက်ဖမိုးလေးကို သူဆွဲယူနမ်းလိုက်ပါသည်။

ရှက်သွေးဖြန်းသွားရှာသော သူမ၏ မျက်နှာအား တစ်ဖက်သို့လွှဲထားလိုက်ပြီး…

'ရှင့်ကို ပန်းပန်မုန်းတယ်'

ဟု တစ်ခွန်းတည်းပြောကာ အိမ်ထဲသို့ အမြန်ပြေးဝင်သွားပါတော့သည်။

'မုန်းတယ်'ဆိုပြီး မိန်းမတစ်ယောက်က ပြောချင်ရာ ပြောသွားသော စကားအား တိုက်ရိုက်ဘာသာပြန်၍မရ မှန်း သူဖြစ်ချင်တာကို ကောက်ချက်ချလိုက်ပါသည်။

ထို့ကြောင့်…

ထိုနေ့ညက သူလိုချင်သောအဖြေကို သူမ၏ နှုတ်ထွက်စကားလုံးများမှမဟုတ်ဘဲ သူမ၏ လက်ဖမိုးလေးပေါ်က တစ်ဆင့် ရရှိလိုက်ပါသည်။

ထိုသို့ဖြင့် ထိုနေ့မှစ၍…

သူတို့နှစ်ဦးသည် တရားဝင်သမီးရည်းစားဘဝကို တိတ်တိတ်လေးခံယူခဲ့ကြပါလေသည်။

✲



'××…××…

×….××….'

ပန်းပန် သူ့ကို အမြင်ကတ်လောက်အောင် မျက်စောင်းလေးများ ထိုးပစ်လိုက်သည်။

သူမနှင့် သူ တရားဝင်သမီးရည်းစားဖြစ်တဲ့အကြောင်းအား လူစုံတက်စုံရှေ့၌ မခြွင်းမချန်ဖွင့်ချပြခဲ့တဲ့သူ့ကို…

'ဘာလို့လျှောက်ပြောနေတာလဲဟင်'

ရှက်ရမ်းရမ်းပြီး ပန်းပန်က သူ့လက်မောင်းအား ခပ်ဖွဖွဆွဲဆိတ်လိုက်၏။

သူတို့စုံတွဲအား ကြည့်ပြီး တစ်ယောက်တစ်ခွန်း မှတ်ချက်ပေးနေသော လူများကြားမှ ဆူးခါးနေက…

'ပြန်ပေးသမား ငါဖြစ်မှန်းကို ဘယ်လိုစသိခဲ့သလဲ'

နေဆေးက…

'ငါ့ harddisk စပျောက်ပြီး နောက်တစ်ရက် မင်းတို့အိမ်မှာ ရှိနေတုန်း ငါတို့အားလုံးဆီကို ဗီဒီယို CD တစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



ပို့ခဲ့တဲ့ ပါဆယ်ထုပ်ပေါ်က လက်ရေးရယ်၊ ပထမသဲလွန်စ၊ ဒုတိယသဲလွန်စဆိုပြီး သဲလွန်စတွေပေးခဲ့တဲ့ လက်ရေးလက်သားအားလုံးဟာ တစ်ထေရာတည်းပဲလေ'

'အဲဒါနဲ့ပဲ…'

ဆူးခါးနေ၏ စကားမဆုံးသေးခင်ပဲ သူက ဆက်ရှင်းပြလိုက်သည်။

'အဲဒါနဲ့ပဲ အဲဒီလက်ရေးကို ငါ တစ်နေရာရာမှာ မြင်ဖူးသလိုလိုဖြစ်တာနဲ့ ဆက်စပ်မိပြီး မင်း Father ကြီးနဲ့ ငါ စီးရီးခွေတွေချုပ်ခဲ့တဲ့ စာချုပ်တွေပေါ်က လက်ရေး အတူတူပဲဆိုတာ သတိထားမိသွားတယ်'

ထိုစကားအဆုံး ဦးဘိုမန်းက…

'ဟုတ်တယ်လေ၊ နေဆေးကိုယ်တိုင် တလောတုန်းက အန်ကယ့်ဆီဖုန်းဆက်မေးလို့ အန်ကယ့်ရဲ့ စာချုပ်ပေါ်က လက်ရေးတွေဟာ အန်ကယ့်သား ဆူးခါးနေကို ရေးခိုင်းထားတာလို့ ဖြေခဲ့တယ်'

ဟု ကြားဝင်ပြီး ပြောပြလိုက်သည်။

နေဆေးက ဆက်ပြီး…

'အဲဒီမှာပဲ မင်းကို ငါ နည်းနည်းသံသယဝင်သွားတယ်၊ ဖြစ်နိုင်ချေမှန်သမျှ ဆက်စပ်ကြည့်တယ်၊ တစ်ခါတစ်ခါ



ငါ့ကို ပြန်ပေးသမားသဲလွန်စပေးတတ်တဲ့အချိန်တွေတိုင်း မင်းလည်းပဲ ငါ့အနားမှာ ရှိချင် ရှိနေတတ်တယ်။ အဲဒီလော့ဂျစ်က အနီးဆုံးက အဝေးဆုံးဖြစ်နေတတ်တယ်ဆိုတဲ့ လော့ဂျစ်ကို မင်းအသုံးချသွားတာပဲ၊ ဟုတ်တယ်မို့လား သူငယ်ချင်း'

ဆူးခါးနေက ရယ်ပြီး ခေါင်းညိတ်ပြလိုက်၏။

'မင်းလိုပဲ သဲလွန်စပေးတိုင်း ငါ့နားမှာ ရောက်ရောက်နေတတ်တဲ့ နောက်တစ်ယောက်က ဟောဒီက ငါ့ရဲ့ အသစ်စက်စက်ချစ်သူ ပန်းပန်လေးပဲ၊ သူ့ကို မင်း ငါ့အနားရောက်အောင်ပို့ထားတဲ့ လော့ဂျစ်ကတော့ တရားခံ မင်းမှန်းမရိပ်မိအောင် ဖြန့်ကြက်ထားတဲ့ လော့ဂျစ်ပဲ၊ ဟုတ်တယ်ဟုတ်'

ဗိရိုပိုင်နိုင်လှသော သူ၏အဖြေထုတ်မှုများမှာ ခေါင်းတညိတ်ညိတ်နှင့် ဝန်ခံနေသူက ဆူးခါးနေပင်။

သူကဆက်ပြီး…

'အဲဒီနောက်မှာတော့ ငါ့ချစ်သူပန်းပန်ဆီကနေပြီး မင်းနဲ့ နှင်းလွှာက သမီးရည်းစားတွေဆိုတာကိုပါ သိလိုက်ရတယ်၊ အဲဒါ ငါ့အတွက် အဓိကသော့ချက်ပဲ၊ ငါ့ harddisk ကို ပြန်ပေးဆွဲတဲ့နေ့ကတည်းကစပြီး ပန်းပန်တစ်ယောက် ငါ့အနားမှာ အမြဲတမ်းရှိနေအောင် အသုံးချခဲ့တဲ့ ကြားခံတစ်ယောက်က မင်းချစ်သူ နှင်းလွှာပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ချက်ချမတ်ကျ ရှင်းပြလိုက်သောအခါ ပန်းပန် ဘေးရှိ နှင်းလွှာက…

'အဆိုတော်ကြီးက နှင်းလွှာတို့ထင်ထားတာထက် တောင် ပိုတော်နေပါလား'

ထိုသို့ချီးမွမ်းပြီးနောက် သူမက မနေနိုင်တော့ဘဲ သိပ်သိချင်နေသည့် နောက်ဆုံးမေးခွန်းတစ်ခုကို ထုတ်မေး လိုက်၏။

'ကွန်ပျူတာထဲမှာ harddisk ဝှက်ထားမှန်း ဘယ်လို သိခဲ့တာလဲ'

'မနေ့က ငါနဲ့ မိုးမြေ အတူတူဘီလီယက်ထိုးနေတုန်း ငါ့ချစ်သူ ပန်းပန်ဆီက ဖုန်းဝင်လာတယ်၊ ဆူးခါးနေနဲ့ နှင်းလွှာက ဘတ်ဒေးကိတ်လက်ဆောင်ပေးဖို့ ကိတ်မုန့်ဆိုင် ကို အတင်းမေးနေကြောင်း လှမ်းသတင်းပို့တယ်၊ အဲမှာတင် Parisan ကိတ်မုန့်ဆိုင်ကို မိုးမြေနဲ့အတူလိုက်သွားတော့ ဆူးခါး နေရဲ့ ဘော်ဒါကြီး ဖက်တီးနဲ့ဆုံရုံတင်မကဘူး၊ သူက မုန့်ဖုတ် သမားဆီမှာ ခွင့်တောင်းပြီး ပန်းပန်ကိုယ်တိုင် အပ်ခဲ့တဲ့ ပထမ ကိတ်မုန့်ထဲမှာ ဒီ harddisk ကို ထည့်လုပ်ခိုင်းထားတဲ့အပြင် နာမည်တူ နောက်ထပ်အပုံစားကိတ်တစ်လုံးပါ ထပ်အပ်သွား ကြောင်း အသေးစိတ်သိလိုက်ရတာပေါ့'



စိတ်ရှည်လက်ရှည်ရှင်းပြနေသော သူ၏ စကားအဆုံး၌ အားလုံးလက်ခုပ်လက်ဝါးများ တီး၍…

"Happy birthday to U.... happy birthday to U... happy birthday, happy birthday, happy birthday Dear Pann Pan..."

'ဖြောင်း… ဖြောင်း'

ညှော်ပရိသတ်အပေါင်းတို့၏ လက်ခုပ်လက်ဝါးတီး သံများအဆုံး…

'ရွှတ်'

ပါးပြင်တစ်ခုပေါ်သို့ အသားချင်းထိခတ်လိုက်သော နမ်းရှိုက်သံ၏နောက်ဝယ်…

'ဒါ ငါ့ရဲ့ ပထမဆုံးချစ်သူလေးအတွက် ပထမဆုံး ပေးလိုက်တဲ့ birthday kiss ပဲ'

ဆိုပြီး နေဆေးက ခပ်မြန်မြန်လှုပ်ရှားလိုက်သည်။

ပန်းပန်တစ်ယောက်…

နေဆေးကို ဘုရှီးရှီးရင်း သူမ၏ မျက်စောင်းလေး များဖြင့် ပစ်ခွင်းလိုက်လေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းလေး
မောင်းချိန်လိုက်တိုင်း
ရင်ကို တဒိုင်းဒိုင်းမှန်တယ်။
(ညီမင်းဝေ)

www.burmeseclassic.com

www.burmeseclassic.com

## (Ending)

အလုံပိတ်အခန်းတစ်ခုထဲတွင် ဖြစ်၏။ အတွင်းနောက်ပိတ်အခန်းနံရံပေါ်တွင် အပြာရောင်အဝတ်စတစ်စအား ကာရံထားသည်။

ရိုက်ကူးရေးအခေါ်အဝေါ်အရ 'ခရိုမာ' ခံထားခြင်းဟု ဆိုရမည်။

ထိုရှေ့ရှိ ဆုံလည်ကုလားထိုင်များပေါ်တွင် လူနှစ်ဦး ကျောပေးထိုင်နေကြသည်။

ထိုမှ ကိုက်အနည်းငယ်အကွာတွင် အသင့်ထောင်ထားသော Camera Stand တစ်ခု တည်ရှိနေ၏။

မတ်မတ်ထောင်ထားသော stand ပေါ်ရှိ ကင်မရာက (static shoot) အငြိမ်ရိုက်ချက်အနေအထားမှာ အဆင်သင့်ဖြစ်နေလေပြီ။

ထိုကင်မရာပေါ်ရှိ Record ခလုတ်ကို တစ်စုံတစ်ဦးက ရိုက်နှိပ်လိုက်သည်။



တစ်စစနှင့် ဆုံလည်ကုလားထိုင်ပေါ်မှ လူနှစ်ဦး Camera ဘက်သို့ မျက်နှာမူလာကြသည်။

ပြီးနောက်...

ထိုင်ရာမှထ၍ သူတို့ချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြကာ တစ်ဦးက...

'ကျွန်တော့်ရဲ့ harddisk ပြန်ပေးကစားပွဲမှာ ကျွန်တော်ရော ဆူးခါးနေရော သရေကျခဲ့ပါတယ်။

ဒါပေမဲ့...

ကျွန်တော်တို့နှစ်ဦးပေါင်းပြီး 'ခေတ်ပေါ်မိုင်းရပ်စ်' ဆိုတဲ့ ကျွန်တော့်အခွေကို မျှော်လင့်စောင့်စားနေတဲ့ ကျွန်တော့်ရဲ့ ပရိသတ်တွေကိုတော့ ကျိန်းသေပေါက်အနိုင်ရခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့...?

✲

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ သူသည် သူ့ပရိသတ်ကို အနိုင်မယူခဲ့ပါ။

သူချစ်သောပရိသတ်နှင့်လည်း မယှဉ်ပြိုင်ခဲ့ပါ။

သူကိုယ်တိုင်…

ရဲရင့်မာန်ပြင်းစွာ ယှဉ်ပြိုင်ခဲ့သော သူ၏ရန်သူမှာ…

သူသာလျှင် မဟုတ်ပါလား?

အကြောင်းကား…

လောကကြီး အမြဲတမ်းဆန်းသစ်နေဖို့ဆိုလျှင် သင်ဖန်တီးလိုက်သော ဒုတိယအရာက ပထမအရာထက် သာရမည်။

တတိယအရာက…

ဒုတိယအရာထက် ပိုမိုသစ်လွင်တောက်ပနေမှ တော်ရုံကျမည် မဟုတ်လား?

ထို့အတွက်…

သင့်ကိုယ်သင် ရန်သူသဖွယ် သဘောထားပြီး ever Challange လုပ်နေရပေလိမ့်မည်။

✲

Batman ရဲ့ အဓိကရန်သူဟာ ဂျိုကာတစ်ကောင် ဖြစ်နေသလိုပေါ့။

ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသော လူ့ဘဝကြီး၏ အဆင့်မြင့်ပြိုင်ပွဲများတွင်…

ဇာတ်လိုက်ရော…

ရန်သူရော…

လက်ရည်ချင်းတူမှ

ပြိုင်ပွဲများက ပိုမိုသက်ဝင်လှုပ်ရှားပြီး

ကြည့်ကောင်းမည်မှာ အမှန်အကန်ဖြစ်သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနားတွင်လည်း အလွန်ကြောက်စရာကောင်းသော ရုပ်ဖျက်ထားသည့် ရန်သူတစ်ယောက်ရှိပါသည်။

ထိုရန်သူမှာ…

ကျွန်တော်ကိုယ်တိုင်ပင် မဟုတ်ပါလား။

သည်ခေတ်နေ

(လူအချင်းချင်းစိတ်ကောက်ခြင်း ကင်းရှင်းကြပါစေ)

coming soon

# ညး

မတော်တဆနှုတ်ခမ်းရာ

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC

www.burmeseclassic.com